# ဘဝတပါး

နတ်လူ ရိသည်



ko luu htwe

http://www.koluuhtwe.blogspot.com

# ဘ ဝ တ ပါး

နတ်လူ ရိသည်

# စကားချီး

**‘ရှိ’** ဟူသော စကားလုံးသည် အဓိပ္ပာယ်များစွာ ဖျာထွက်၍နေသည်။ တကယ်တော့ ကျနုပ်တို့ မြန်မာစကားသည်ပင်လျှင် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်နဲလှပေသည် မဟုတ်ပါလား။

အရာဝတ္ထုပစ္စည်းများ ဆွေးမြွေသောအခါ ‘ရှိ’ သည်ဟု ဆိုစမှတ် ပြုကြသည်။ ထိလွယ်၊ ခိုက်လွယ်၊ စုတ်လွယ်၊ ပြဲလွယ် ဖြစ်ပြီး ရှိရွဲနေသည် ဆိုသည့် သဘောပင် ဖြစ်သည်။

နောက်အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်များတွင် ပေါ်ပေါက်လာသော လူတန်းစား တရပ်ကို ခေါ်ဝေါ် သုံးစွဲသောအခါ **‘အလိုတော်ရိ’** ဟူသောစကား ပေါ်လာသည်။ အင်္ဂလိပ် အရာရှိမင်းများ၊ ဂျပန် စစ်ဗိုလ်ချုပ်များ အလိုရှိသမျှကို လိုက်လံ ဆောင်ရွက်ပေးသူများ ဖြစ်သဖြင့် ‘အလိုတော်ရှိ’ ဟုခေါ်ရာမှ တစတစ အလိုတော်ရိ ဟူသော စကားလုံး ပေါ်လာသလား မဆိုနိုင်။

ဘာအဓိပ္ပာယ်ရှိ၍ ဘယ်သူကစပြီး ကဗျည်းတပ်ခဲ့သည်ကိုလည်း မပြောတတ်။ ဘယ်စာအုပ် ဘယ်ပညာရှိထံတွင် မှလည်း လိုက်လံ၍ မလေ့လာခဲ့ဖူး။ ရှိစေတော့။ ယနေ့ခေတ်တွင်တော့ ဒီစကား အသုံးအနှုန်းမရှိတော့။ ယင်း 'အလိုတော်ရိ' ဟူသည့် အခေါ်အဝေါ်အစား **'ကြံ့ဖွတ်'** သို့မဟုတ် **'စွမ်းအားရှင်'** ဟုပြောင်းလဲ သုံးစွဲနေကြပြီ ဖြစ်လေသည်။

'ရိ' နှင့်ပတ်သက်၍ နောက်ထပ် အသုံးအနှုန်းတခု ရှိသေးသည်။ ကောင်လေးက ကောင်မလေးကို ရိသဲ့သဲ့ လုပ်သည်တဲ့။ ဝေဖန်ရေး ဆရာများက အဆိုတော်များ၊ သရုပ်ဆောင်များကို မထိတထိ ရိကြသည်။ လူရွှင်တော်များက ဝန်မင်းများ၊ ဘုရင်မင်းများကို မထိခလုပ် ထိခလုပ် ရိတိတိ ပျက်ကြသည်။

လူတဘက်သား၏ ပြုမူလုပ်ဆောင်ချက်များကို အပြုသဘောဖြင့် ဖြစ်စေ၊ အခြားသော အကြောင်း တမျိုးမျိုးကြောင့် ဖြစ်စေ၊ အနှောင့်အသွားမလွတ် သရော်လှောင်ပြောင်ခြင်း၊ ဝေဖန်ထိုးနက်ခြင်းကို 'ရိ' သည်ဟု ဆိုကြသည်။

ထိုသို့ရိကြသောအခါ အရိခံရသူများသည် စိတ်မသက်မသာ ဖြစ်ကြသည်။ နေမထိ ထိုင်မထိ ဖြစ်ကြသည်။ ကုန်းမရ ကွမရ ဖြစ်သွားတတ်ကြသည်။

ထိုသို့ ဖြစ်သောအခါ အရိခံရသူက ရိကြသူများကို ပြန်လည်၍ ထိုးနက်တတ်ကြ၏။ တချို့က ပါးစပ်နှင့် ထိုးနက်သည်။ တချို့က ကလောင်နှင့် ပြန်၍ ထိုးနက်သည်။ တချို့က အချုပ်အခြာ အာဏာကိုပင် အလွဲသုံးစားပြု၍ နည်းအမျိုးနှင့် ထိုးနက်တိုက်ခိုက် ချေမှုန်းတတ်ကြသည်။

လူရွှင်တော်များသည် သူတို့၏ ရိသဲ့သဲ့ပြက်လုံးများ ကြောင့် အချုပ်အနှောင် ခံကြရသည်။ ကဗျာဆရာများက ယင်းတို့၏ မထိတထိ စကားလုံး များကြောင့် အပိတ်အလှောင် ခံကြရသည်။ သတင်းစာဆရာများသည် ၎င်းတို့၏ ရိတိတိ သတင်းများ၊ ဓာတ်ပုံများကြောင့် ဖမ်းဆီး စစ်ဆေး သတ်ဖြတ်ခြင်းကိုပင် ခံကြရဖူးလေပြီ။

ဤသို့ ရိသူနှင့် အရိခံရသူ...

ထိုးနက်သူနှင့် ကုန်းကွမရသူ...

မခံချိမခံသာ ဖြစ်သူနှင့် အပစ်ပေးခံရသူ…

ထိုသူတို့ကို လေ့လာကြည့်လျှင် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အမှန်နှင့်အမှားကို လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ထင်ရှားရှား မြင်ကြတွေ့ကြရမြဲ ဖြစ်သည်။

ထိုသို့ သုံးသပ်မိသောအခါ ကျနော် စာရေးသူသည်လည်း အလင်းရောင်ဘက်မှ နေပေးချင်လာသည်။ အဖြူရောင် များဘက်မှ ရပ်ပေးချင်လာသည်။ အမှန်တရားဘက်မှ အားပေးချင်လာသည်။ ပြောရလျှင် စာရေးသူသည်လည်း 'ရီ' ကြည့်ချင်လာခဲ့သည်။ သို့သော် … ကျနော်က ဟုတ်တိပတ်တိ မ 'ရီ' တတ်။

၀ ၀ ၀

"**ဘ၀တပါး**" သည် ၁၉၁၂ ခုနှစ်ခန့်က နာမည်ကြီးခဲ့သော Franz Kafka ၏ **Die Verwandlung** (eng: The Metamorphosis) ၀တ္ထုကို ဖတ်ပြီး ရရှိသော စိတ်ကူးကို ဖြန့်ကျက် တွေးတော ရေးသားထားခြင်း ဖြစ်ပါသည်။

မူရင်းဇာတ်လမ်းသည် မိသားစု၏ ကြီးလေးသော တာ၀န်ကြီးများကို မနိုင်မနင်း ထမ်းဆောင်နေရင်းမှ အရှင်လတ်လတ်နှင့် ပိုးကောင်တကောင်ဘ၀သို့ ပြောင်းလဲသွားရရှာသော လူငယ်တစ်ယောက်၏ ဘ၀ဇာတ်ကြောင်းဖြစ်ပါသည်။

မူရင်း၀တ္ထုကို ဂျာမန်ဘာသာစကားနှင့် ရေးသားခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြား ဘာသာပေါင်း များစွာကို ပြန်ဆိုထုတ်ဝေရလောက်အောင် ၀က်၀က်ကွဲခဲ့သော **မော်ဒန်ဇာတ်လမ်း** တပုဒ်ဖြစ်ပါသည်။ ယနေ့ တိုင် ကျောင်းသုံးစာအုပ် တအုပ် အနေဖြင့် အထက်တန်း ကျောင်းသားများကို သင်ကြားပို့ချနေဆဲလည်း ဖြစ်ပါသည်။

'ဘဝတပါး' ကိုတော့ မြန်မာပရိတ်သတ်များ ခံစားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သောကြောင့် ဇာတ်လမ်း၊ ဇာတ်ကြောင်းနှင့် ဇာတ်ကောင်စရိုက်များကို လွှဲပြောင်း ဖော်ပြထားပါသည်။

မည်သူတဦးတယောက်ကိုမှ နစ်နာထိခိုက်စေလိုသော ရည်ရွယ်ချက်နှင့် ဤဝတ္ထုကို ရေးခြင်း မဟုတ်သည့်အတွက် ဘာသာမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး၊ အသားအရောင်မရွေး၊ အသက်အရွယ်မရွေး၊ ရာထူးရာခံမရွေး... လွတ်လပ်စွာ... အန္တရာယ်ကင်းရှင်းစွာ... စိတ်လက်ပေါ့ပါးစွာ... ဖတ်ရှု ခံစားစားသုံးနိုင်ရန် တင်ဆက်လိုက်ရပါသတည်း။

(စာရေးသူ)
၁၃ - ၀၉ - ၂၀၀၉

# အခန်း (၁)

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
မင်းချမ်းသာကား
သမုဒ္ဒရာ ရေမျက်နှာထက်
ခဏတက်သည့်
ရေပွက်ပမာ
တသက်လျှာတည်း။

(အမတ်ကြီး အနန္တသူရိယ)

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တုန်လှုပ်ခြောက်ခြားဖွယ် အိပ်မက်ဆိုးကြီးမှ နိုးထလာသော တမနက်တွင် သူ၏ခန္ဓာကိုယ် တခုလုံးသည် စက်ဆုပ်ရွံရှာစရာ ရောမ ချေးပိုးထိုးကောင်ကြီး တကောင် အဖြစ် အသွင်ပြောင်းလဲနေသည်ကို အံ့သြထိတ်လန့်စွာ တွေ့ရှိ လိုက်ရပေသည်။

သူ၏ ကုတင်ညောင်စောင်းအထက်တွင် ဗိုလ်ချုပ်မှူးကြီးသည် ပက်လက် အနေအထား အတိုင်း ရှိပြီး ကြီးမား ခုံးမောက်နေသော သူ၏ နောက်ကြောပြင် ပြောင်ပြောင်ကြီးကြောင့် အိပ်ယာပေါ်တွင် လူးမရ လှိမ့်မရ ဖြစ်နေလေ တော့သည်။

သူ၏ ပုတိုနေသော ဂုတ်ကို အနည်းငယ် ပင့်၍ ကြည့်လိုက်လျှင် အရစ်များ ထနေသော မည်းပြောင်ပြောင် ဗိုက်သားပြင်ကြီးကို မလုံတလုံသာ ဖုံးနေသော ခြုံစောင်အောက်တွင် တွေ့ရလေသည်။

ခန္ဓာကိုယ်နှင့် ယှဉ်လျှင် သေးမြောင်းပြီး အမွှေးအမျှင်များ ကပ်နေသော အကျည်းတန်လှသည့် ခြေချောင်းကလေးများ သည်လည်း အသည်းယားဖွယ် ရွစိရွစိ ဖြစ်နေကြလေသည်။

အား ... အမေလေး ... ဘာကောင်ကြီးလဲ။ ငါ..ဘာ..ဖြစ်..သွား..တာ..လဲ။ မှန်းစမ်း။ အိပ်မက်မက်နေတာ မဟုတ်လား။

သူ၏ အိပ်ခန်း၊ သူ၏ ထွန်းလင်းတောက်ပနေသော မျက်နှာကြက်မှ ရွှေဝါရောင် မီးဆိုင်းများ၊ သူလဲလျောင်းနေသော သလွန်ညောင်စောင်း၊ ရွှေမျှင်ရွှေစများဖြင့် မွန်းခြယ်ထားသော နံရံထက်မှ ဆေးရေးပန်းချီကားများ၊ ဒါတွေအားလုံးကတော့ အိပ်မက် မဟုတ်တာ သေချာနေသည်။

အင်း ... နည်းနည်းလောက် ပြန်အိပ်လိုက်ရင်များ ငါ့ပုံစံ ပြန်ကောင်း သွား မလား...

အတွေးနှင့်အတူ သူအိပ်နေကျ တစောင်းအနေအထားသို့ ပြောင်းအိပ်ရန် လှည့်လိုက်သည်။ စိတ်ကသာ လှည့်လိုက်ခြင်းဖြစ်သည်။ ခန္ဓာကိုယ်က ပါမလာ။ တစ်ကြိမ်ထဲနှင့်မရ၍ နှစ်ကြိမ် သုံးကြိမ် လေးကြိမ် အကြိမ်ကြိမ် ကြိုးစားကြည့်သည်။ နောက်ကြောခွံ လုံးလုံးကြီးကြောင့် သူလှည့်လိုက်သည့် အခေါက်တိုင်း မူလရှိနေသည့် ပက်လက်အနေအထားသို ့ပင် ပြန်လည်၍ ရောက် ရှိသွားလေသည်။

နောက်ဆုံး မည်သို့မှ မတတ်နိုင်သည့်အဆုံး အသည်းယားဖွယ် လှုပ်ရှနေသော သူ၏ခြေချောင်း လက်ချောင်းများကို မမြင်ရအောင် မျက်လုံးအစုံကို မှိတ်၍ မလှုပ်မယှက် ငြိမ်သက်စွာပင် လဲလျောင်း နေလိုက်ရ ပေတော့သတည်း။

o o o

# အခန်း (၂)

ကြောက်ခဲ့သည်။ မုန်၏။ အစဉ်အမြဲလည်း ချောက်ခြားနေခဲ့သည်။

အာဏာကို အကြွင်းမဲ့ ရရှိပြီးခါစအချိန်က ဆိုလျှင် ကြောက်တတ်ခြင်း ဟူသည် ငါ၏ အဘိဓာန်တွင် ရှာလို့ တွေ့ ရတတ်သည့် စကားလုံး မဟုတ်ခဲ့။

ငါ့မှာ လက်နက်ရှိသည်။ အာဏာရှိသည်။ ပြီးတော့ မြန်မာတနိုင်ငံလုံး၏ ဘဏ္ဍာငွေတွေ ရှိနေသည်။ ပြီးပြီပေါ့။ လက်ညှိုးညွှန်ရာ ရေဖြစ်စေဖို့ ဤရတနာ သုံးပါးထက် ကိုးကွယ်ဆည်းကပ်စရာ ကောင်းသော အရာ ဘာများ ရှိလိမ့် ဦးမည်နည်း။

ထိုရတနာ သုံးပါး၏ တန်ခိုးနဲ့ပဲ အခက်အခဲများကို ကျော်လွှား နိုင်ခဲ့သည်။ အနှောင့်အယှက်များကို တားဆီးနိုင်ခဲ့သည်။ အဟန့် အတားများကို ထိမ်းချုပ်နိုင်ခဲ့သည်။

ပြီးတော့ ငါ့မှာ ငါ၏အမိန့်ကို မြေဝယ်မကျ နာခံမည့် နောက်လိုက် ဗိုလ်ပါတွေရှိသည်။ ငါပြောသလိုရ၊ ငါပြီးလျှင်ပြီးသည်။ ငါ့စကားဆိုလျှင် တုန်နေအောင်ကြောက်ကြရသူတွေက ဒုနှင့်ဒေး။

ဒီလိုဆိုတော့လည်း တခါတရံ ပေးရ ကမ်းရသည်။ စွန့်ရ ကြဲရသည်။ တကယ်တော့ သူတို့အားလုံးသည် ငါကမွေးထားသည့် ငါ၏မျောက်တွေပင် ဖြစ်သည် မဟုတ်လား။

ပြီးတော့ ငါ၏မိသားစု။ ကြိုင်ကြိုင်က အစစအရာရာ ပံ့ပိုးသည်။ ကူညီသည်။ ဦးဆောင်သည်။ ပြီးတော့ ကလေးဘဝကပင် မပီကလာ ပီကလာဖြင့် ချွဲတတ်နွဲ့တတ် ကြသည့် သမီးကညာများ။

သားအချစ် မြေးအနှစ်ဟု ဆိုသလို သားသမီးများမှ ပေါက်ပွားလာသည့် မြေးငယ်မြေးရွယ်များကလည်း ငါ့အတွက် အားမန်၊ သတ္တိ၊ ခွန်အားနှင့် မျှော်လင့်ချက်များပင် ဖြစ်နေလေတော့သည်။

အဲဒီလို အချိန်တွေမှာ ဘာကိုမှ မစိုးရိမ်တတ်ခဲ့။ ဘာတခုကိုမှလည်း မကြောက်လန့်တတ်ခဲ့။ သူ့ကို ဆန့်ကျင်လိုသူများကိုလည်း စည်းရုံးသင့်လျှင် စည်းရုံး၊ ချိမ်းခြောက်သင့်လျှင် ချိမ်းခြောက်၊ ဖြိုခွဲသင့်လျှင် ဖြိုခွဲ၊ အားလုံးကို ဖိနှိပ်ထားနိုင်ခဲ့သည်။ ကျောင်းသား လှုပ်ရှားမှုများ၊ သံဃာ့ အရေးအခင်းများ၊ လူထုဆူပူမှုများကိုလည်း ထိုနည်းတူစွာ ချုပ်ကိုင်နိုင်ခဲ့သည်။

သူသိပ်ကြိုက်တဲ့ စကားတခွန်း...

**"စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီး ဖောက်တာမပါဘူး"**
(နေဝင်း)

ပြည်သူတွေဆိုလည်းကြည့်၊ စကားတလုံးမှ မလွန်ရဲ၊ အသက်ရှူတချက်မှ မမှားရဲ။ ခြေလှမ်းတလှမ်းမှ မချော်ရဲ။ ထိုမျှပင် ကြောက်တတ်နေကြလေပြီ။

တဘက်ကလည်း နိုင်ငံရေးအတွက် စဉ်းစားဖို့ အချိန်ကမရကြ။ သူတို့ဖာသာ သူတို့ စားဝတ်နေရေး လုံးပမ်းရင်း၊ တရိပ်ရိပ်တက်နေသည့် ကုန်ဈေးနှုန်းကို အံတု ရင်ဆိုင်ရင်း သူ့ နည်းသူ့ဟန်နှင့်သူ အလုပ်ရှုပ်နေကြပြီ။ ထိုသို့ ဖြစ်အောင်ပင် အနစ်နစ်အလလ တမင် ကြံဆောင်ထားခဲ့ရသည် မဟုတ်ပါလား။

ရုတ်ရုတ်လုပ်မည်မကြံနှင့်။ သူပေးကမ်း စွန့်ကြဲထားသည့် ဝမ်းမနာသားများ၊ ကြံ့ခိုင်ရေးအဖွဲ့သားများ၊ စွမ်းအားရှင် လူရမ်းကားများက အငြိမ်နေကြမည် မဟုတ်။

ဒီလိုပဲ နေရာအနံ့မှာ ဖြန့်ကျက်ထားသည့် စစ်ထောက်လှမ်းရေး တပ်သားများကလည်း ဆိုလျှင်ဆိုသလောက် အစွမ်းထက်လှသည်။ မျက်နှာလွှဲ၍ရသည်။ ဒီလိုအခြေအနေမျိုးမှာ ဘာအတွက် ဘာကို ကြောက်ရမည်နည်း။

… … …

ကြောက်ရသည်ဆိုသည့် စိတ်က အဒီရုတ်စစ်ကြီး စတင်တော့မှ သူ့ထံတွင်လည်း အစပျိုး ကိန်းဝပ်ခဲ့သည်။

သူ့ဖာသာသူ ရေနံကြောင့်ပဲ ပြောပြော၊ အကုမြူလက်နက် ကြောင့်ပဲဆိုဆို အင်အားကြီး စစ်ခေါင်းဆောင် တဦးကိုမှ ရွေး၍ စော်ကားခြင်းသည် သူ့အတွက် လည်း အန္တရာယ် အငွေ့ အသက်တခု ဖြစ်လာနိုင်သည်ကိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကောင်းကောင်းကြီး ခံစားမိလေတော့သည်။

ဆဒ္ဒမ်ကို ဖမ်းမိပြီဆိုသည့် သတင်းကို ကြားရတော့ မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရသည်။ စိုးရိမ်တတ်သည့် စိတ်တွေကလည်း တိုး၍ တိုး၍သာ နေတော့သည်။ ရန်ကုန်မှာ နေနေရသည်ကိုလည်း ကိုယ့်စိတ်မှာ ကိုယ်မလုံချင်တော့။ ဆဒ္ဒမ်

ဟူစိန်လို အင်အားကြီး အစိုးရ၏ တောင့်တင်းခိုင်မာသည့် နန်းတော်ကြီးကိုပင် မမှု။ စွမ်းအားထက်လွန်းလှသည့် အမေရိကန် စစ်တပ်ကို လျှော့တွက်၍ မရ။

ဒီတော့လည်း ပုန်းစရာ ခိုစရာ နေရာသစ်တခုကို ရှာရတော့သည်ပေါ့။

ပျဉ်းမနားအနီး **"ကြပ်ပြေး"** အရပ်သည် နေရာအားဖြင့် ခေါင်သည်။ တောကျ သည်။ သစ်ပင်ခြုံပုတ် ထူတပ်သည်။ မပြောကောင်း မဆိုကောင်း အမေရိကန် တပ်ကြီး ချီတက်လာပြီ ဆိုလျှင်တောင် သူ့ကို တော်တော်နှင့် မိဖို့မလွယ်။

သူ့ဝမ်းမနာသားတွေက သူ့အသက်ကို လွတ်အောင် အသေခံ တိုက်ပေးနေစဉ် မှာပင် ထွက်ပြေးဖို့ အချိန်ရနိုင်သည်။ အဲဒီအချိန်ကတည်းက မြေအောက်ခန်း အထပ်ထပ်၊ ဥမင်လိုဏ်ခေါင်း အသွယ်သွယ်၊ ဘုံးခိုကျင်း အခိုင်အမာနှင့် "နေပြည်တော်" သစ်တခုကို တည်ထောင်ရန် တိတ်တဆိတ် ကြံစည်ခဲ့တော့ သည်။

… … …

အဲဒီလိုနှင့် ဆဒ္ဒမ်ကို ဖမ်းမိပြီး အီရတ်ကိုလည်း သူတို့ သိမ်းပိုက်လိုက်ကြပြီ ဖြစ်သည်။ အခေါက်ခေါက် အခါခါ ရုံးတင် စစ်ဆေးတိုင်းလည်း မလွတ်တမ်း ကြည့်ရှုခဲ့သည်။ တရားသူကြီးက ဘာတွေမေးသလဲ။ ဆဒ္ဒမ်ကရော ဘာတွေ ပြန်ဖြေသလဲ။ စနည်းနာခဲ့သည်။ ဆဒ္ဒမ်က သူ့မှာ အပြစ်မရှိကြောင်း "ဘူး" ခံ ငြင်းသည်။

ငါဆိုရင်ကော ဘာပြန်ပြောမလည်း။ စိုးရိမ်စိတ် အပြည့်ဖြင့်ပင် တွေးကြည့် ရသေးသည်။

သေဒဏ် ဖြစ်ဖို့ များတယ်တဲ့။ အမေလေးလေး…။ ကြောက်ဖို့ကောင်းလိုက်တာ။ ခွေးမသားတွေ။ ဒင်းတို့ "မိုးကောင်းတုန်း ရွာထားကြပေါ့ကွာ"။

"ဟင့်အင်း မဖြစ်စေရဘူး။ ငါ့အလှည့်ရောက်ရင် ဒါမျိုးတွေ မဖြစ်စေရဘူး။"

ပြောမယ်သာ ပြောရသည်။ နောက်ကြောပြင်တခုလုံး ချမ်းသထက် ချမ်းလာမိသည်။ တိုးတိုးတိတ်တိတ် တိုင်ပင်စရာ ဗိုလ်ခင်ညွှန့်ကိုလည်း အနားခေါ်ထားဖို့ မဖြစ်။ စိုးဝင်းကလည်း သေပြီ။

နောက် မောင်အေးဆိုတဲ့ ကောင်ကလည်း တခါတခါ ပုန်ကန်ချင်သည်။ သူ့လူကိုယ့်လူခွဲ၍ အုပ်စုဖွဲ့ချင်သည်။ အမိန့်ဖီဆန်တာမျိုး၊ စကားနားမထောင်တာမျိုးလည်း လုပ်ချင်လာသည်။ အနီးက လူတွေကလည်း အားကိုးလို့မရတော့။

တကယ်ဆိုတော့ ကိုယ်ကကျူးလို့မှ ကိုယ့်ဒူးကိုယ်ပင် ယုံကြည်၍ မရတော့။

ပြီးတော့ အနုပ်စုတ် ဂုတ်စုတ် ချုံပုတ်လိုကောင် "ဘွတ်ရှ်" ကလည်း ဆိုလိုက်သေးသည်။ အီရတ်ပြီးလျှင် တခြား အာဏာရှင်တွေ အလှည့်တဲ့။ ထိုသတင်းကို ကြားရသည့် နေ့ကလည်း ဟုတ်တိပတ်တိ မစားနိုင် မသောက်နိုင်ခဲ့။ အိပ်မပျော်သည့် ညတွေဆိုလျှင် ရေတွက်၍ပင် မရတော့။

... ... ...

အခုတော့ နေပြည်တော်ကြီးလည်း အခိုင်အခံ့ တည်တံ့နိုင်ခဲ့ပြီ။ အခက်အခဲ ဘယ်လောက်ရှိတယ်ပဲ ပြောပြော၊ တော်တော်များများ ကိစ္စတွေမှာတော့ ကျေနပ်အားရမှု ရှိခဲ့သည်။

ဤသို့ ကိုယ့်ကိုကိုယ် လုံခြုံပြီဟု ယူဆခါစပင် ရှိသေးသည်။ စိတ်ချလက်ချ နေခွင့် မရလိုက်။ ဆဒ္ဒမ်ကို ကြိုးပေးမည်ဟူသည့် သတင်းကို ကြားလိုက်ရသည်။ မဖေါ်ပြနိုင်အောင်ပင် စိတ်ဓာတ် ဘုံးဘုံးကျတော့သည်။ ရောဂါတွေတိုး၊ ကျန်းမာရေးက ဖောက်ပြန်။ မကြည့်ဘူးဟု စိတ်ဒုံးဒုံးချထားကာမှ ပြင်းပြလွန်းသည့် စိတ်ကို ထိန်းချုပ်မရပဲ ကြည့်ဖြစ်ခဲ့သည်။

**ဂြိုဟ်တုသတင်းမှ ဆဒ္ဒမ်၏ နောက်ဆုံးမြင်ရသည့် မျက်နှာ...**

ဂူးဂူးဝါးဝါး ဒေါသတကြီး အော်ဟစ်ပြောဆိုနေသော အသံဗလံများ...

သူ့ကို ခေါ်ဆောင်လာကြသည့် မျက်နှာဖုံးစွပ် ပါးကွက်သားများ...

ဆဒ္ဒမ်ကို စွတ်ပေးလိုက်သည့် မရဏ ကြိုးကွင်း...

ရုတ်တရက် ပွင့်ကျသွားသည့် သေမင်းတမန် တံခါးပေါက်...

အရုပ်ကြိုးပြတ် ပြုတ်ကျသွားသည့် ဆဒ္ဒမ်၏ ဝိဉာဉ်မဲ့ ခန္ဓာ...

"ဟာ .. သွားပြီ .. သွားပြီ .. သွားပါပြီကွာ။ အဆွေတော်ရေ အမျှ... အမျှ ...။"

နောက်ဆုံးအချိန်မှာ သူဘာတွေများ တွေးနေခဲ့လိမ့်မလဲ။ သူဘာကို မျှော်လင့်ခဲ့သလဲ။ ငါကတော့ သူ့ကို ရုပ်ရှင်ထဲကလို တဦးဦးများ လာကယ်လိမ့်မလားလို့ မျှော်လင့်ခဲ့မိသေးတာ။

"ခေါင်းထဲ နောက်ကျိကျိရှိလိုက်တာ ကြိုင်ကြိုင်ရယ်"

ဒီတခါ တက်သည့် ရောဂါက ခါတိုင်းအခေါက်တွေထက် ဆိုးသည်။ စလုံး (စင်ကာပူ) အထိပင် သွား၍ ဆေးကုခဲ့ရသည်။

... ... ...

အိပ်မပျော်ခဲ့ရသည့် ရက်တွေလည်း များပြီ။ အိပ်ပျော်သွားလျှင်လည်း အိပ်မက်တွေက ဘာတခုမှ မကောင်း။ အနိဋ္ဌာရုံတွေက များသည်။

ညကလည်း အိပ်မက်မက်သည်။ ထောင်နင့်ချီသည့် မျက်နှာဖုံးစွပ် လူအုပ်ကြီးက

ငါ့နန်းတော်ကို လာဝိုင်းသည်တဲ့။ သူတို့ရဲ့ လက်ထဲမှာလည်း **"အုန်းဆံကြိုး တုတ်တုတ်ကြီး"** တွေနှင့်။

**"ဟော့ကောင် သန်းရွှေ ... ခုထွက်ခဲ့စမ်း"**

**"မင်းကို သတ်ပစ်မယ် ..."**

**"မင်း ဆဒ္ဒမ်ဟူစိန်လိုပဲ သေစေရမယ် ..."**

အသံတွေက ဆူညံနေသည်။ နလုံးခုန်သံတွေကလည်း ပေါက်ကွဲထွက်တော့မတတ်။

အိပ်ပျော်သွားမိတိုင်းလည်း အလားတူ အိပ်မက်တွေက လိုက်နှောင့်ယှက်နေသည်မှာ အတော်ပင် ကြာခဲ့ပြီ။ အဆိုးဆုံးကတော့ အိပ်မက်ထဲမှာ ဆဒ္ဒမ်ဟူစိန် ကိုယ်တိုင် သူ့ဆီလာပြီး စကားပြောခြင်းပင်။

ဆဒ္ဒမ်က အိပ်မက်ထဲမှာ အဝတ်မပါ။ လည်ပင်းတွင်တော့ သေမိန့်ပေးခံရစဉ်ကတည်းက မချွတ်ရသေးသော **ကြိုးကွင်းကြီး တခု**သာ ပါသည်။ သူ၏ပါးစပ်တခြမ်းမှာလည်း **သွေးများ ယိုစီးကျနေပြီး** မျက်စိနှစ်လုံးမှာလည်း ထိတ်လန့်ခြောက်ချားဖွယ် **အဆမတန် ပြူးထွက် နီရဲ**နေသည်။

ပြီးတော့ ဆဒ္ဒမ်က သူ့ကို အသံသြသြကြီးနှင့် အော်ခေါ်နေသည်။

"အဆွေတော် သန်းရွှေ ... အဆွေတော်ရဲ့ အလှည့်ရောက်ဖို့လည်း သိပ်မလိုတော့ပါဘူးကွာ။ ကျုပ်တို့ တတွေ ငရဲပြည်ရဲ့ အနက်ဆုံး တနေရာမှာ ပြန်ဆုံကြတာပေါ့..."

အဲဒီလို ပြောပြောပြီး ပျောက်သွားတိုင်း သူဘာတစ်ခွန်းမှ တုံ့ပြန်ချိန် မရလိုက်။ ဘာအဓိပ္ပာယ်လဲ။ ဘာကို ဆိုလိုချင်တာလဲ။ ဆက်တွေးဖို့ရာ သူ့မှာ

အင်အားမရှိတော့။ အဲဒီလို အိပ်မက်တွေ မက်တိုင်းလည်း သလွန်တော်ပေါ်တွင် အပေ့ါသွားမိသည်ကလည်း အကြိမ်ကြိမ်။

ဤသို့ ကြောက်ရွံ့ ခဲ့ရသည့် ညတွေကလည်း ရေတွက်၍ပင် မရနိုင်တော့။ စိုးရိမ်ထိတ်လန့်ခဲ့သည့် နေ့တွေကလည်း တနေ့တခြား တစေ့မျှ မလျော့။ တနေ့နေ့တွင် ဆဒ္ဒမ်ဟူဆိန်၏ ကြိုးကွင်း တုတ်တုတ်ကြီးသည် သူ့လည်မျိုသို့ မလွဲမသွေ ရောက်ရှိလာလိမ့်မည်ကို တွေးရင်းဖြင့် ပင်ပမ်းပူပန်နေရ လေတော့သည်။

သို့ပေမယ့် ဤကဲ့သို့ "ချေးပိုးထိုးကောင်" တကောင်အဖြစ်သို့ အသွင်ပြောင်း လဲ သွားလိမ့်မည်ကိုတော့ အနီ ဗိုလ်ချုပ်မှူးကြီးသည် တကြိမ်တခါမှ စိတ်တောင် မကူးမိခဲ့။

**"သွားပြီ ... ငါလူမှ ပြန်ဖြစ်ပါတော့မလား ...."**

ဝ ဝ ဝ

# အခန်း (၃)

တကယ်တမ်း ကြိုင်ကြိုင်နှင့် တခန်းထဲ အတူမအိပ်သည်မှာ ကြာပြီဖြစ်သည်။

အရေးတကြီးကိစ္စရှိ၍ မိုးချုပ်သည်အထိ အလုပ်လုပ်ရသည့် အခါများတွင်လည်း မိမိ၏ ကိုယ်ပိုင် အခန်းထဲ၌ တဦးတည်း တံခါးပိတ်၍ လုပ်သည်မှာ နေသားကျနေပေပြီ။

တိုင်းပြည်၏ ထိပ်တန်း လျှို့ဝှက်ချက်များက မိသားစု အတွင်းတွင်ပင် ပေါက်ကြားရန် မသင့်တော့သည့် အခြေအနေ။

မနက် မိုးလင်းပြီဆိုလျှင်တော့ ကြိုင်ကြိုင်က အိပ်ယာမှ နိုးလေ့ရှိသည်။ သူက အမြဲတမ်း အရင်နိုးပြီး မနက်စာ ပြင်ဆင်သည်။ စားစရာ သောက်စရာများကို သူကပဲ အစစ စီမံချင်သည်။ စားဖိုမှူးများကို စိတ်မချ။ သူတို့ကို မယုံ။

"အဆိပ်ခပ်မှာ စိုးသည်" ... တဲ့

နံရံကို ကြည့်တော့ မနက်ခုနစ်နာရီပင် ခွဲတော့မည်။ ဒီကနေ့ ကိုးနာရီခွဲတွင် အစည်းအဝေးအတွက် ဝန်ကြီးများနှင့် ချိန်းဆိုထားသည်။ ထားတော့။ သူတို့က သူပြီးလျှင်ပြီးသည်။ ခက်သည်က ခုနစ်နာရီထိုးတိုင်း မနက်စာ စားနေကျ ဗိုလ်ချုပ်မှူးကြီး အဖို့ အခုတော့ ဆာလောင်စ ပြုနေလေပြီ။

အိပ်ယာမှ ဘယ်လိုနည်းနှင့် ကြံဖန်ထရမည်ကို စဉ်းစားနေစဉ်မှာပင် အခန်းဝမှ ကြိုင်ကြိုင်၏ တံခါးခေါက်သံကို ကြားရသည်။

"အိပ်ယာထက်ပေါ် စက်တော်ခေါ် ထတော်မူပါ့ မောင်တော်ဖုရား..."

"ထတော်မူတော့လေ မောင်တော် ဖုရားရဲ့ ... 'ဘရိတ်ဖတ်' တွေလည်း အေးကုန်ပြီ။ ပြီးတော့ ညီလာခံသဘင် ဆင်ရင်ကျင်းပဖို့ မင်္ဂလာ အချိန်ကာလည်း နီးကပ်လို့ လာနေပြီ မဟုတ်လား ... "

ကြိုင်ကြိုင်က နေ့စဉ်ပင် ယခုလို အိပ်ယာမှ နိုးလေ့ ရှိသည်။ အိပ်ယာထဲ ရောက်တိုင်း 'ခွေးသေဝက်သေ' အိပ်တတ်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကြိုင်ကြိုင့် အသံကြားလျှင်တော့ အိပ်ယာမှ လူးလဲထရသည်။ အခုလဲ ကြိုင်ကြိုင်က နှိုးနေပြီဆိုတော့ သူတခုခု ပြန်ပြောမှ ဖြစ်တော့မည်...

"ဒွေး... ဒွှာဒွို့းဒွေဒွှာဒွီဒွ"

သူ့အသံကို သူပြန်ကြားမိသောအခါမှ သူ့ကိုယ်သူ ပြန်၍ လန့်သွားရ တော့သည်။ ခါတိုင်းပြောနေကျ လူသံမျိုးမဟုတ်။ သူ့အသံက ခွေးလို.. နွားလို.. ဝက်အူသံလို ဖြစ်၍နေသည်။

"ဟာ... ဟာ... **ဟာ**... ငါလူလို ပြောလို့ မရတော့ပါလား..."

… … …

ခဏနေတော့ သမီးဖြစ်သူ သန္တာရွှေ တံခါးဝရောက်လာပြီး သူ့ကို နှိုးပြန်သည်။

"အိပ်ယာထက်ပေါ် စက်တော်ခေါ် ထတော်မူပါ့ ဖေဖုရား။"

တကယ်တမ်းပြောရလျှင် သူကိုယ်တိုင်လည်း အိပ်ယာပေါ်တွင် တစက္ကန့်မျှပင် ဆက်ပြီး လှဲနေချင်စိတ် မရှိတော့။ ဖြစ်သည့် နည်းနှင့် ကျုံးရုန်းပြီး ထချင်ပြီ။ မနက်စာလဲ စားချင်လှပြီ။ ကုတင်ပေါ်မှာ လှဲနေရတာလည်း ညောင်းလှပြီ။ တမနက်လုံးလည်း ကုန်းရုန်းထဖို့ လူးလိမ့် နေရသည်ကြောင့်လည်း တကိုယ်လုံး နာကျင်နေပြီ။

ခြုံထားသည့် စောင်ကို ဖယ်ပစ်လိုက်ဖို့က သိပ် မခဲယဉ်းလိုက်။ ခက်သည်က ပက်လက်လန်ကာ ကိုးယိုးကားယားကြီး ဖြစ်နေသော သူ၏ ချေးပိုးထိုးကောင် ခန္ဓာကိုယ်ကြီးပင်။

အိပ်ယာပေါ်မှ ဆင်းဖို့ဆိုလျှင် သူ့မှာ 'ခြေ' သို့မဟုတ် 'လက်' တခုခု ရှိမှ ဖြစ်မည်။ အခုတော့ သူ့ရှေ့တွင် လှုပ်ရှားနေသော ခြေချောင်း မျှင်မျှင်ကလေး များက အကူအညီမဲ့နေသော သူ့ကို သရော် လှောင်ပြောင် နေသယောင်။

ညာဘက်လက်မောင်းနေရာဟု ခန့်မှန်းရသော နေရာမှ ခြေချောင်းတခုကို ကွေးရန် ကြိုးစားကြည့်သည်။ ကွေးလိုက်သည့် ခြေချောင်းက ကွေးမသွား သည့်အပြင် ဖြောင့်တန်းနေအောင်ပင် ရှေ့သို့ ဆန့်ကန် ထွက်သွား သေးတော့သည်။

တကြိမ်မရ နောက်တကြိမ်၊ တခေါက်မရ နောက်တခေါက်၊ တနည်းမရ နောက်တနည်းနှင့် ကြိုးစားကြည့်ရာ နောက်ဆုံးတွင်တော့ သူ၏ ခြေချောင်း တချောင်းကို လိုသလို ကွေးလို့ ဆန့်လို့ ရသွားသည်။ ဒီလိုနှင့် ကျင့်ရင် ကျင့်ရင်း နောက်ဆုံးတွင်တော့ သူ့ပိုင် ခြေချောင်း ရှစ်ချောင်းစလုံးကို စိတ်တိုင်းကျ ကွေးနိုင် ဆန့်နိုင် ထိန်းချုပ်နိုင် သွားလေသည်။

ဒီတော့ နောက်ထပ်တစ်ဆင့်အရ သူ၏ ခန္ဓာကိုယ် အောက်ပိုင်းကို ဖြည်းဖြည်းချင်း ရွေ့ကြည့်ချင်စိတ် ဖြစ်လာသည်။ ပြောမည့်သာ ပြောရသည်။ ဗိုလ်ချုပ်မှူးကြီးသည် သူ့ခန္ဓာကိုယ်တခုလုံးကို သူကိုယ်တိုင်ပင် နံ့စပ်အောင် မမြင်ဖူးသေး။

ဒီလိုဆိုတော့ သူ့ကိုယ်သူ မည်သို့မည်ပုံ ထိန်းချုပ်ရမည် ဆိုသည်ကို သူကိုယ်သူလဲ မတွေးတတ်။ တချက်တွင်တော့ သူ့တွင်ရှိသမျှ အစွမ်းကုန် ဆွဲချပစ်လိုက်သည်။

"အား… သောက်ပလုပ်တုတ်… ကျွတ်ကျွတ်… ကျွတ်… ခွီးတဲ့မုပဲ"

သူလှည့်လိုက်သည့် ပုံက ပုံစံမမှန်။ ခါးထဲကို အတော်ပင် အီစလန်ဝေအောင် နာကျင်ခံစားလိုက်ရသည်။

သည့်နောက်တော့ သူ၏ ခေါင်းတခြမ်းကို တစ်ဘက်သို့ စောင်းကြည့်ရန် ကုတင်စွန်းဘက်သို့ အသာအယာ ရွေ့ကြည့်သည်။ ဤတကြိမ်တွင်တော့ မဆိုးလှ။ အရွေ့ရှိသည်။ တဖြည်းဖြည်းနှင့် ကိုယ်တခြမ်းနီးပါးက ကုတင်စွန်းမှ ထွက်လာသည်။

တချက် ဟန်ချက်ပျက်သွားပြီး ပြုတ်ကျလုမတတ် ဖြစ်သွားရသည်တွင် ဗိုလ်ချုပ်မှူးကြီးသည် ဆက်တိုးရန် မဝံ့ရဲတော့ဘဲ ကုတင် အတွင်းပိုင်းသို့သာ ပြန်၍ ဝင်နေလိုက်ရ လေတော့၏။

ဖြစ်ချင်သည်ကို မဖြစ်ဖြစ်အောင် လုပ်တတ်သော၊ လိုချင်သည်ကို မရရအောင် ယူတတ်သော၊ မပေးချင်သည်ကို မမြဲမြဲအောင် ဆုပ်ကိုင်ထားတတ်သော တစွတ်ထိုး တစောက်ကန်း အာဏာရူး သန်းရွှေသည်…

မို့စ္စာဒိဋ္ဌိတို့၏ လားရာဖြစ်သော ပြိတ္တာကောင်တကောင်၏ ဘဝကို အရှင် လတ်လတ်နှင့်ပင် ကိုယ်တိုင်ကိုယ်ကျ သိမြင် ခံစားနေရ ရှာလေပြီ။

… … …

စိတ်ပျက် လက်ပျက်နှင့် မျက်လုံးများကို စုံပိတ်လိုက်ချိန်ဝယ် နံရံကပ် နာရီမှ စူရှသည့် သံချောင်းခေါက်သံကို နာမခံသာအောင် ကျယ်လောင်စွာ ကြားရပြန်၏။

"အင်း... ဘာလိုလိုနဲ့ ရှစ်နာရီတောင် ခွဲသွားပြီကိုး ..."

သက်ပြင်းရှည် တချက်ချရင်း အားမတန် မာန်ကို လျှော့ကာ ငြိမ်သက်စွာ လှဲလျောင်းရင်း...

"ခဏလောက် ငြိမ်နေလိုက်ရင်များ ငါ... လူပြန်ဖြစ်သွားမှာလား။"

ဒီလိုနဲ့ ခဏကြာတော့ သူ့ကိုယ်သူ ပြန်၍ အားတင်းရပြန်သည်။

"အင်း ... ကိုးနာရီ မတ်တင်း မရောက်ခင်တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ အိပ်ယာက ထမှဖြစ်မှာပါ။ ဒီကနေ့ အစည်း အဝေးမှာ ငါမရှိလို့ဆိုပြီး နောက်ကားတွေ ကျော်တက်သွားမှဖြင့် ရှိစုမဲ့စု ငါ့အာဏာလေး လက်လွှတ်လိုက်ရ ပါဦးမယ်။"

ထိုသို့တွေးရင်း ချေးပိုးထိုး ကောင်ကြီးသည် သူ့ခန္ဓာကိုယ်ကို ကုတင် အလျားအတိုင်း ဖြည်းဖြည်းချင်း ဆန့်ထုတ်ပစ်လိုက်သည်။

"ဟုတ်ပြီ၊ ဒီပုံစံအတိုင်း ကုတင်ပေါ်က လိမ့်ချရင် ခေါင်းကို မထိလောက်ဘူး။ ကျောပြင်ကလည်း အထိုက်အလျောက် မာတာပဲ။ ဒီကျောနဲ့ ကျလို့တော့ အကျမနာလောက်ပါဘူး။"

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သူ၏ ခန္ဓာကိုယ်ကို အထက်ဖော်ပြပါနည်းအတိုင်း လိမ့်ချလိုက်ရာ **'ဝက်ကန်းမစင်အိုးတိုး'** ဆိုသည့် စကားနှင့်အညီ ကံအား လျော်စွာပင် ရှစ်ဘက်ထောက် အနေအထားအတိုင်း ကျမ်းပြင်ပေါ်သို့ အနေတော်လေး ကျသွားလေတော့သည်။

"ဘုရား ... ဘုရား ... မြတ်စွာဘုရား...။"

"အလို ... ငါ - မ 'တ' စဖူး ဘုရား 'တ' မိနေပါပကော"

တော်သေးသည်။ ဘာမှ အထိအခိုက် အပွန်းအပဲ့ မရှိလိုက်။ ညာခြေချောင်း တချောင်းကတော့ အကျမတော်ဘဲ ကျသွားပုံရသည်။ ပေါင်အရင်းအထိပင် ကျင်တက်သွားတော့၏။

နဂိုကတည်းက ရောဂါ အခံကလည်းရှိ။ အသက်ကလေးကလည်း ရ။ ဤသို့လှုပ်လှုပ်ရှားရှား မလုပ်သည်မှာလည်း ကြာပြီဖြစ်သည့် အပြင်၊ တမနက်လုံးလည်း ပင်ပန်းထားသည့် ဒဏ်တွေကြောင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အစာရေစာ မရသည့် **'ချွေးအိုကြီးပမာ'** နေရာတွင်ပင် မလှုပ်မယှက် ငြိမ်သက်သွားလေတော့ သတည်း။

ဝ ဝ ဝ

# အခန်း (၄)

မျက်လုံးများ မှေးစဉ်းလာချိန်ဝယ် အပြင်မှ စကားပြောသံ သဲ့သဲ့ကို ကြားရသည်။ သေချာသည်။ ဒါ သမီးဖြစ်သူ သန္တာ၏ အသံ … ။

"မယ်မယ်ရယ် … မယ်မယ့် 'လင်' ကြီးကို သွားကြည့်စမ်းပါဦးတော်။ အပြင်မှာ မိုးလင်းနေပြီ။ အခုအထိတောင် စက်တော်က မနိုးသေးဘူးဆိုတော့ သလွန်တော်ပေါ်မှာတင် 'သေ' နေပြီလားမသိဘူး။"

သမီး သန္တာရွှေက စကားပြောလျှင် အမြဲပင် ကြမ်းတမ်းသည်။ ရင့်သီးသည်။ ပက်စက်သည်။

သူ၏ စကားလုံးများသည် ကြားရသူ၏ နားဝတွင် အတုံးလိုက် အတစ်လိုက် ဝင်လာတတ်၏။ ငယ်စဉ်က မဆုံးမခဲ့မိသည့် ရလဒ်တွေပင် ဖြစ်မည်။ သူက ပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် မပေါင်းသင်းတတ်။ လိုက်လျောညီထွေ မဖြစ်။ လူကြီး သူမကို မလေးစားတတ်။ လူတိုင်းကို ရင့်ရင့်သီးသီး ဆက်ဆံတတ်သည်။ မောက်မောက်မာမာ ပြောဆိုတတ်သည်။

သန္တာရွှေ လူမဖြစ်ခင်ကတည်းက သန်းရွှေက ဗိုလ်ဖြစ်နေလေပြီ။ အမှန်အတိုင်း ပြောရလျှင်မူ ထိုအချိန်ကတည်းက ဗိုလ်သန်းရွှေ၏ အာဏာစက်ထက် မယ်တော် ကြိုင်ကြိုင်၏ အာဏာစက်များက ပို၍ ထိရောက်ပြီး ပြင်းရှခဲ့ပါ၏။

ဤကဲ့သို ့သော မိဘနှစ်ပါး၏ ချစ်လှစွာသော သမီးကညာလေး ဖြစ်သည့် အားလျော်စွာ သမီးဖြစ်သူ သန္တာရွှေ၏ သဘောထားသည်လည်း အာဏာရှင် ဆန်လာခဲ့သည်။

တပ်ထဲမှ ရဲဘော်ကလေးများ အိမ်သို့လာလျှင် တလှည့်စီ ကုန်းပိုးခိုင်းသည်။ ငယ်စဉ်ကတည်းက ရေစည်လှည်း တစီးစာ၊ ရာဝင်အိုး တလုံးစာလေးသော သူ၏ ခန္ဓာကိုယ် ကြီးကို ကုန်းပိုးသွားရလျှင်လည်း ဖြည်းဖြည်းသွား၍ မရ။

နေးသွားလျှင် ဆံပင်ဆောင်ဆွဲသည်။ ဆွဲစရာဆံပင် မရှိလျှင် ငယ်ထိပ်ကို လက်ခေါက်နှင့် တွယ်သည်။ ကုတ်ပိုးကို လက်သည်းနှင့် ခြစ်သည်။ ရဲဘော်ကလေးများ ခမျာ ဘာမှ ခွန်းတုံ ့ မပြန်ရဲ။ သူ ့အလိုကို ဆန် ့ကျင် မိ၍လည်း ကွာတားနှင့် ညှားခဲ့ရသည်မှာ အကြိမ်ကြိမ်။

မနက်တိုင်း ထမင်းချက်ရန် လာကူရသော ရဲဘော်များ၏ အမျိုးသမီးလေးများကို မြင်ရင်လည်း အလွတ်မပေးတတ်။ (ဘာလီသကြားလုံး တစ်လုံးပေးထားလျှင် ထမင်းချက်ခိုင်းရုံသာမက တအိမ်လုံး ပြောင်အောင် ကြမ်းတိုက်ခိုင်း၍ ရသည်ဟု မယ်တော် ကြိုင်ကြိုင်က ပြောလေ့ရှိသည်။)

ထိုအမျိုးသမီးငယ်လေးများက သူ ့ရှေ ့မှာ ကပြကြရသည်။ တခါတခါ မျောက်လို 'ကွီ' ပြရသည်။ တခါတခါ ဖားလို 'ခုန်' ပြရသည်။ တခါတရံများ ကျတော့ ခွေးလိုပင် 'အူ' ပြရသည်။

မောရှ်နားမည် မကြားနိုင်။ စောဒကတက်မည် မစဉ်းစားနိုင်။ သန္တာရွှေက သူ့ လက်ထဲမှာ ကြိမ်လုံးတလုံးကို အသင့်ဆောင်ထားသည်။ သူ့လက်သံ မည်မျှ ပြောင်သည်ကိုမူ ထိုသူငယ်မလေးများမှ လွဲ၍ မည်သူမှ ပို၍ သိနိုင်မည် မဟုတ်ပေ။ ထိုထက်ပို၍ အမျက်တော် ရှခံရလျှင်တော့ သူတို့၏ အိမ်ထောင်ရှင် ယောက်ျားများ ရှေ့တန်းသို့ အပို့ခံရတော့၏။

ကစားဖော် ကလေးများ ဆိုလျှင်လည်း သူ့ကို အစဉ်အမြဲ အရှုံးပေးရသည်။ တူတူပုန်းတန်း ကစားလျှင် သူ့ထံမှာ အမိခံမှ ကြိုက်သည်။ ဈေးရောင်းတန်း ကစားလျှင် တန်ရာတန်ကြေး မပေးပဲ အလကား လုယူတတ်သည်။

သေနတ်ပစ်တမ်း ကစားလျှင် သူကျေနပ်အောင် သူ့မျက်စိအောက်မှာပင် ပက်ပက်စက်စက် သေပြရသည်။ သူ့ကို ပြန်လှန်ပြောရဲသူ မရှိ။ သူ့ကို အနိုင်ယူရဲသူ မပေါ်။ မကြေနပ်လျှင် မကြေနပ်သလို ဆံပင်အဆွဲခံရသည်။ လက်သည်းနှင့် အကုတ်ခံရသည်။ ခြေထောက်နှင့် အကန်ခံရသည်။

ငယ်စဉ်က အကျင့်ဆိုးများက ယနေ့ သန္တာရွှေကို ဖန်ဆင်းလိုက်သည်ထင့်။ အသက် ကြီးရင့်လာသလောက် စိတ်ဓာတ်က ရင့်ကျက်မလာနိုင်သေး။ တိုး၍ တိုး၍သာ မိုက်လုံး ကြီးသထက် ကြီးလာလေတော့သည်။

တချိန်တွင်မတော့ သူ၏ မိုက်လုံးကြီးမှုကြီးက ဖူးပေါ်သလို ပေါ်လာခဲ့တော့၏။ တနေ့ထက် တနေ့၊ တရက်ထက် တရက်၊ တလထက် တလ... မိုက်လုံးက ကြီးပြီးရင်း ကြီးလာနေပြီ။ ဖုံးမရ ဖိမရ ဖြစ်လာခဲ့လေတော့သည်။

လူတွေကလည်း ပြောလာကြပြီ။ မေးငေါ့သူတွေကလည်း ငေါ့လာကြပြီ။ မလိုသူများလည်း ကြိတ်၍ ပျော်နေကြ၏။ မဖြစ်ချေတော့။ ကိန်းကြီး ခန်းကြီး ကနားကြီးနှင့် နေလာခဲ့သော အသိုင်းအဝိုင်းမှာ မျက်နှာပျက်စရာ ဖြစ်လာ လျှင်မသင့်။

သည်လိုဆိုတော့ "သင့်တော်မည့် နွားတကောင်ကောင်ကို သွားဖြို၍ ရှာရ တော့သည်" ပေါ့။

ကံကောင်းချင်တော့ တပ်ထဲက ကလေးတယောက်ကိုပင် လွယ်လင့်တကူ တွေ့သည်။ အမိန့်နာခံသည်။ အနစ်နာလည်း ခံတတ်သည်။ လုပ်ရည်ကိုင်ရည် ကလည်း မဆိုးလှ။ သူ့ကို မက်လုံးအမျိုးမျိုး ပေးလိုက်တော့လည်း 'အမြီးတနံ့နံ့ နှင့်' ခြေတော်ရင်း ပြားပြားမှောက် ဝပ်စင်းလေတော့သည်။

တကယ်တမ်း ပြောရပါမူ ဘဝရှင် မင်းတြားကြီးကို "အဖေ" ခေါ်ပြီး... သား သမက် ဘွဲ့ကို ခံယူကာ "အမဲရိုး ဝင်လုချင်နေကြသော" စစ်ဗိုလ်ပေါက်စများက စစ်တပ်ထဲမှာ 'ဒုနှင့် ဒေး'။

... ... ...

သမီးတော်၏ မင်္ဂလာ အခန်းအနားကတော့ စည်စည်ကားကား သိုက်သိုက် ဝန်းဝန်း ရှိလှသည်။ နိုင်ငံတကာမှ သန်းကြွယ် သူဌေးကြီးများ ပင်လျှင် မနာလို ဝန်တို ဖြစ်ရုံမက သွားရည်ယို အားကျခဲ့ရသည်။

တဖိတ်ဖိတ်တောက်နေသည့် စိတ်ဘယက်နှင့် လည်ဆွဲ ရတနာများသည်လည်း မြန်မာနိုင်ငံကို အဆင်းရဲဆုံး နိုင်ငံတခုအဖြစ် သတ်မှတ် အပြစ်တင်နေသည့် ပြည်ပနိုင်ငံများအား သရော်လှောင်ပြောင် နေသယောင်။

တကယ်တမ်း မြန်မာနိုင်ငံတော်သည် ပြည်ပမီဒီယာများ ဝါဒဖြန့် အပုတ်ချ နေသကဲ့သို့ ဆင်းရဲ မွဲတေနေသော နိုင်ငံတနိုင်ငံ မဟုတ်ကြောင်း အဆိုပါ အခန်းအနားကို ကြည့်ခြင်းဖြင့်ပင် ကွက်ကွက်ကွင်းကွင်း မြင်တွေ့ နိုင်ပါ ပေသည်။

နောင်တချိန် ဦးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်တို့ မိသားစုသည် တိုင်းပြည်ဘဏ္ဍာကို "အလွဲသုံးစားမှု" နှင့် တရားခွင်တွင် အမှု ရင်ဆိုင်ခဲ့ရသည် ရှိသော်... ထိုဘယက် လည်ဆွဲရတနာ များသည်လည်း "ခိုးရာပါ သက်သေခံ ပစ္စည်းများ" အဖြစ်ဖြင့် ရုံးတော်သို့ ရောက်ရှိလာမည်မှာ လည်း မလွဲမသွေ ဧကန် မုချပင် ဖြစ်ပေသည်။

မည်သို့ဆိုစေ သမီးတော် "ဒေါက်တာ သန္တာရွှေ" ၏ မင်္ဂလာပွဲ သည် အနှောင့် အယှက် ကင်းမဲ့စွာ အောင်မြင် ပြီးမြောက်ခဲ့ပေတော့ သတည်း။

o o o

# အခန်း (၅)

"ကို ... ... ..."

အဲဒီ အချိန်မှာပင် သမီးဖြစ်သူ သဏ္ဍာရွှေ တံခါးဖွင့်၍ အခန်းတွင်းသို့ ဝင်လာသည်။ သလွန်တော်ပေါ်ကို ကြည့်တော့ ဖခင်ဖြစ်သူကို မတွေ့၍ အခန်းတဝိုက်သို့ ရစ်ဝဲကြည့်လိုက်သည်ဝယ် ...

"အား ... ... ..."

"အမေလေး ... ... ... သောက်ပလုပ်တုတ်... လန့်လိုက်တာတော်..."

"ဒီမှာ ဘာကောင်ကြီးလည်း မသိဘူး မယ်မယ်ရေ။ လာကြည့်စမ်းပါဦး တော့။ ခြေထောက်တွေကလည်း အများကြီးနဲ့။ ကျောကုန်းကြီးကလည်း မည်းမည်း ပြောင်ပြောင်ကြီး။ ဟီး... ရွံစရာကောင်းလိုက်တာ။ ဘယ်ကနေ ဘယ်လို ဒီအခန်းထဲ ရောက်နေရတာတုန်း။ ဖေဖုရားကောဟင်။ ဖေဖရားကရော..."

သမီးဖြစ်သူ သွန္တာရွှေတယောက် ခြေမကိုင်မိ လက်မကိုင်မိ၊ အရှူးမီးဝိုင်း၊ သွေးရူးသွေးတန်းဖြင့် အော်ဟစ် သောင်းကျန်းနေသံကို ကြားပြီး မိခင်ဖြစ်သူ အခန်းတွင်းသို့ ဝင်လိုက်လာသည်။

တခဏအတွင်းမှာပင် အခြေအနေ အရပ်ရပ်ကို ရိပ်စားမိသွားသော မယ်တော်ကြိုင်ကြိုင်က ပြေးဝင်လာသော အစေအပါးများကို ကြိမ်းမောင်း၊ မာန်မဲ၊ ဟောက်ဟမ်း လွှတ်လိုက်ပြီး အခန်းတံခါးကိုလည်း ဂျိမ်းကနဲ မြည်အောင် ဆောင့်တွန်း ပိတ်ချလိုက်လေတော့သည်။

... ... ...

အခန်းထဲတွင် ဤသူသုံးဦးသာရှိ၏။

"ဟဲ့ ... သွန္တာရွှေ ... နင့် ပါးစပ်ကို ပိတ်ထားစမ်း။ အဲဒါ ဘယ်လိုက ဘယ်လို ရောက်လာမှန်းမသိတဲ့ အကောင်ကြီးမဟုတ်ဘူး။ အဲဒါ နင်တို့ရဲ့ အဖေပဲဟဲ့။"

"သွား... အနားတိုးကြည့်စမ်း။ ဘယ်လိုကဘယ်လို စဖြစ်တယ်ဆိုတာကို စနည်းနာ ကြည့်ရအောင်။ ပြိတ္တာကောင်ကြီး ဖြစ်သွားတာဆိုတော့ လူလိုရော ပြောလို့ ရပါဦးမလား။"

"သွား... ဝန်ကြီးများရုံးကို ဖုန်းဆက်။ နင့်အဖေ နေမကောင်းလို့ ဒီကနေ့ အစည်းအဝေးကို ရက် အကန့်အသတ်မရှိ ရွှေ့ဆိုင်းတယ်လို့ပြော။ ခေါင်းကိုက်နေလို့... ဘယ်သူ့ကိုမှလည်း မတွေ့ချင်ဘူးပြောတယ် လို့ပြော။

သေချာပြောလိုက်၊ ကြားလား။ တော်တော်ကြာ လူနာလာမေးမလိုနဲ့ လာအချိုသွေးကြမယ့် 'ငဖား' တွေက နန်းတော်ကို ပေါက်ချလာနေဦးမယ်။"

"မဟုတ်ဘူး ကြိုင်ကြိုင်၊ ငါဒီအစည်းအဝေးကို သွားဖြစ်အောင်ကိုသွားရမယ်။ ငါမရှိရင် ငါ့နေရာကိုဝင်ယူဖို့ ချောင်းနေတဲ့ ငတိတွေက အများသားလားကွ။ ဒီအစည်းအဝေးမှာ ငါကိုယ်တိုင် စီမံကြီးကြပ်ပြီး ငါဖြုတ်ချင်တဲ့သူကို ဖြုတ်၊ နောက် ငါ့စကားနားထောင်တဲ့ သူတွေကိုလည်း ဆုတော် လာဘ်တော်ကြီးတွေ ချီးမြင့် မြှောက်စားရဦးမှာကွ။"

သူကတော့ပြောသည်။ ကြိုင်ကြိုင်ကြားလောက်အောင် လေသံကို အားယူ၍ ပြောသည်။ သို့တစေ သူပြောလိုက်သည့် စကားတိုင်းက လူသံအဖြစ် ထွက်မလာ။ ခွေးရူးတစ်ကောင် သွေးရူးသွေတန်းနှင့် အော်ဟစ် သောင်းကြမ်း နေသည့်အလား ပလုံးပထွေး ဖြစ်လို့နေလေသည်။

ကြိုင်ကြိုင်က သန်းရွှေကို ငြိမ်ငြိမ်နေဖို့ အမိန့်ပေးသည်။ မနက်စာ ကျွေးဖို့ စီစဉ်ခိုင်းလိုက်မည် ဟုဆိုသည်။ အခြေအနေကို ကြည့်၍လည်း ဆေးပညာ ရှင်များနှင့် တိုင်ပင်မည်။ လူပြန်ဖြစ်အောင် ဆေးဂါးကုသမှုပေးမည်။

သို့ပေတည့် အခြေအနေကို လူသိရှင်ကြား မဖြစ်ရအောင်... ဒီသတင်း ပြင်ပမီဒီယာများသို့ ပေါက်ကြားမှု မရှိရလေအောင်... နိုင်ငံတော်တွင်း ဆူပူမှု မဖြစ်ရလေအောင်... အချိန်ကို ဆွဲသင့်လျှင် ဆွဲထားရမည်ဟု ပြောလေသည်။

အခုတော့ ဘဝခြားသွားပြီဖြစ်၍ နောက်နေ့တွေလည်း မိသားစုဝင်များကို တွေ့ရန် မမျှော်လင့်ဖို့ ကြိုင်ကြိုင်ကကြိုမှာသည်။ သူကိုယ်တိုင်လည်း သူ့ဆီသို့ နေ့စဉ် လာတွေ့ဖြစ်ချင်မှ လာတွေ့လိမ့်မည်ဟု ဆိုသည်။

... ... ...

မည်မျှ အံ့သြစရာကောင်းလိုက်ပါသနည်း။

ပြည်သူအများ စားစရာမရှိ၍ ဆင်းရဲငတ်မွတ်နေသည်ကို အနိဋ္ဌာရုံတခုအဖွယ် မကြားချင်ယောင်ဆောင်၍ မျက်ကွယ်ပြုထား ဘိသကဲ့သို့... သဘာဝ ဘေး အန္တရာယ်များ ကြုံကြိုက်၍ အသက်ဘေးနှင့် ရင်ဆိုင်နေရသည်ကို မမြင်ချင် ယောင်ဆောင်၍ လစ်လျူရှုထား ဘိသကဲ့သို့... အော်ဟစ် ငိုကြွေး တိုင်တမ်း နေသူများကို မသိချင်ယောင်ဆောင်၍ ရှောင်ထွက်သွားဘိသကဲသို့...

ယခုလည်း နိုင်ငံ ဥသျှောင် တိုင်ပြည်ခေါင်းဆောင်ဟု သူကိုယ်သူ အမည်တပ် ထားသော ဗိုလ်ချုပ်မှူးကြီး၏ ဇနီးဖြစ်သူကိုယ်တိုင်က သူ၏ခင်ပွန်းကို လွယ်ကူ လျင်မြန်စွာပင် မျက်ကွယ်ပြု လစ်လျူရှုထားလိုက် လေတော့သည်။

... ... ...

ဤလိုဆိုတော့လည်း အဘသန်းရွှေ ခံစားရပြီ။ ဆွေးမြေ့ရပြီ။ ကြေကွဲရလေပြီ။

တကယ်တမ်း ကြိုင်ကြိုင်ဆိုသည်မှာ ယခုမှ ဝုန်းကနဲ ပေါ်ပေါက်လာသော ရွှေကြာပင်မဟုတ်။ နစဉ်အခါကတည်းကပင် သန်းရွှေက မမကြိုင်အပေါ်မှာ စိတ်ကစားမိခဲ့သည်။ ငယ်ငယ်က မမကြိုင်က (အပျိုရှုံးလောက်အောင်) လှသည်၊ မမကြိုင် ၏ဆံနွယ်လေးများက ဝင်းမှောင်နအိနေသည်။ မမကြိုင်၏ အသားအရည်က ဖြူလွဲ့နဖတ်နေသည်။

ဒါတွေအားလုံးက အူနုရိုင်း သန်းရွှေ၏ စိတ်ကို ဖောက်လွှဲဖောက်ပြန် ဖြစ်စေခဲ့ သည်။ စိတ်ဆင်ရိုင်းကို အဘယ်သို့သော ချွန်းမျိုးနှင့် ငြိမ်အောင်အုပ်နိုင် စွမ်းအံ့ နည်း။

ကြိုင်ကြိုင့်အတွက်ဆိုလျှင် ဘာမဆို ရင်ဆိုင်ရဲသည်။ ကြိုင်ကြိုင်လိုချင်လျှင် မြင့်မိုရ်တောင်ကို တက်ရဲသည်။ ကြိုင်ကြိုင်က သေဆိုလျှင်သေ၊ ကြိုင်ကြိုင်က ရှင်ဆိုလျှင်ရှင်။ ကြိုင်ကြိုင် ကျေနပ်ဖို့ဆိုလျှင် သူ၏အရှက်၊ သိက္ခာ၊

ကိုယ်ကျင့်တရား အရာအားလုံးကို စွန့်လွှတ်၍ ခိုးဝှက် လုယက် သတ်ဖြတ်ရန် ဝန်လေးသူမဟုတ်။

ကြိုင်ကြိုင့်မျက်နာတော် ငြိုးငယ်ခြင်းသည် သန်းရွှေအတွက် လောကငရဲပင် ဖြစ်ပေလိမ့်မည်။ ဒီလိုဆိုတော့လည်း လူပျိုကလေး မောင်သန်းရွှေအဖို့ အမှတ်ကောင်းတွေ တရစ်ပြီး တရစ်တက်ကာ ချစ်အခွင်အရေးတွေ တပုံတပင်ကြီး ခံစားရတော့သည်ပေါ့။

ဘယ်သူမှမရဖူးသည့် အခွင့်အရေး၊ ဘယ်သူမှ မရဖူးသည့် အခွင့်အထူး၊ ဘယ်သူမှ မရဖူးသည့် အခွင့်အာဏာတို့ကို ရရှိသွားသူတို့သည် မိမိကိုယ်ကို မိမိ အဟုတ်ကြီးမှတ်ကာ စိတ်ဖောက်ပြန် ရူးနှမ်းသွားတတ်ဘိသကဲ့သို့...

ထိုစဉ်က အပျိုရှုံးသည့် မမကြိုင်ကို ပြိုင်ဘက်မရှိ အရယူလိုက်နိုင်သည့် ဗိုလ်ကလေး သန်းရွှေတွင်လည်း အဲသည်အချိန်ကတည်းကစ၍ စိတ္တဇ ဝေဒနာသည် လူမသိ သူမသိ သူကိုယ်သူပင်မသိ အမြစ်တွယ် စွဲကပ်စ ပြုလာခဲ့လေတော့သည်။

... ... ...

ထိုစဉ်အချိန်က မမကြိုင်။

အောင်မြင်နေစဉ်၊ ကြီးပွားနေစဉ်၊ တိုးတက်နေစဉ်က အရာရာ မျှဝေနိုင်ခဲ့သော မမကြိုင်၊ လိုအပ်သမျှကို ကောင်းသည်ဆိုးသည် မခွဲခြား၊ ရသည့်နည်းဖြင့် အရယူပေးခဲ့စဉ်က သန်းရွှေသိခဲ့သော မမကြိုင်။

လင်တော်မောင် တပ်ချုပ်ကြီး သန်းရွှေသည် ချေးပိုးထိုးကောင်ဘဝနှင့် ဇာတ်သိမ်းမလှဖြစ်ရတော့မည်ကို ခံစားသိနေမိသော ဒေါ်ကြိုင်ကြိုင်သည် သူ၏ ခင်ပွန်းဖြစ်သူအပေါ် ထားရှိသော အတွယ်အတာ၊ သံယောဇဉ်၊ ရင်းနှီး ချစ်ခင်မှုတို့ကို အချိန်တိုလေး အတွင်းတင်ပင် ပြည်ဖုံးကားချ လစ်လျူရှုလိုက်လေတော့သည်။

ဤသို့ဖြင့် ဘဝပေးကုသိုလ်ကံ ဆိုးသော ချေးပိုးထိုးကောင် သန်းရွှေ၏ ဘဝသည် တွယ်တာရာမဲ့၊ အကူအညီမဲ့၊ အထီးကျန်ကြေကွဲ ဝမ်းနည်းစွာဖြင့်ပင် ဇာတ်သိမ်းရပေတော့မည် တကား။

… … …

သာအမိနစ်ယောက်ထွက်သွားကြပြီးသောအချိန်တွင် ဗိုက်ထဲမှ ဆာလောင်မှုသည် ပို၍ ကြီးထွားလာတော့သည်။ မနက်အိပ်ယာနိုးစကတည်းက ဟောင်းလောင်းဖြစ် နေသော ဝမ်းဗိုက်ကြီးထဲမှ တဂွီဂွီမြည်သံသည် ပို၍သာ၍ ကျယ်လောင်လာလေပြီ။

ပါးစပ်ဝမှလည်း လေချဉ်တွေ တငေ့ငေ့တက်လို့နေပြီ။ ဆာလောင်သည်ဆိုသည့် စကားစု၏ အဓိပ္ပာယ်ကို အခုတော့ ဗိုလ်ချုပ်မှူးကြီး ကောင်းကောင်းကြီး သိရှိနေရလေပြီ။

တကယ်တော့ ဆာလောင်နေပြီး စားစရာမရှိဖြစ်ရသော သူတဦး၏အဖြစ်သည် မြန်မာနိုင်ငံတွင်နေသည့် မြန်မာပြည်သူ တယောက်အတွက် သိပ်ပြီး ထူးဆန်းလှသော အဖြစ်မဟုတ်ချေ။

အိုးအိမ်မဲ့၊ ချွတ်ခြုံကျရုံမက ထမင်းရည်ပင် နပ်မှန်အောင် သောက်ခွင့် မရကြသည့် မိခင်နှင့် ကလေးသူငယ်တွေက သူအာဏာရစ အချိန်ကတည်းက တနိုင်ငံလုံးအနှံ့ ဒုနှင့်ဒေး။

မိမိဝမ်းတစ်နပ်စာ ဝနေစဉ်က စာနာမှု ကင်းမဲ့စွာ လစ်လျူရှုထားနိုင်ခဲ့သော ဗိုလ်ချုပ်မှူးကြီး။ ယခု သူကိုယ်တိုင် အငတ်ဘေးနှင့် ကြုံတွေ့ရသော အခါတွင်တော့…

သူ၏ သေးငယ်ထုံဖျဉ်းသော ဦးနှောက်ပိစိကွေးကလေးထဲသို့ ကိုယ်ချင်းစာစိတ် အသိတရားလေးတခု တစိုးတစိမျှ ဝင်ရောက်လာမည်လားကိုတော့ ချေးပိုးထိုး ကောင်တဖြစ်လဲ ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင်မှလွဲ၍ မည်သူတဦး တယောက် ကမျှ သိခွင့်ရပေဦးတော့ မည်နည်း။

ဝ ဝ ဝ

# အခန်း (၆)

"ကျွီ ..."

ဒီတခါလည်း တံခါးဖွင့်ကာ အခန်းထဲသို့ ဝင်လာသူက သမီးဖြစ်သူ သဉ္ဇာရွှေ။ သူက တွန်းလှည်းပေါ်မှာ စားစရာ အစုံအလင်ကို တင်ပြီး ကိုယ်တိုင် တွန်းလာခြင်းဖြစ်သည်။

မောင်းမမိဿံတွေကို မစေခိုင်း။ အထိန်းတော်တွေကို မစေလွှတ်။ စာဖိုမှူးတွေကို မျက်နှာမလွှဲ။ ဤကဲ့သို့ အောက်ခြေသိမ်း အလုပ်တခုကို သမီးတော်ဖြစ်သူက ကိုယ်တိုင်ကိုယ်ကျ လာရောက် လုပ်ကိုင်ပေးခြင်းမှာ ထူးခြားမှုတခုပင်ဖြစ်၏။

သို့သော် ယင်းလုပ်ဆောင်ချက်သည် ဘဝတပါးသို့ အရှင်လတ်လတ် ပြောင်းသွားရာသော ဗိုလ်ချုပ်မှူးကြီး၏ အဖြစ်ဆိုးကို အပြင်လူတွေ မသိစေချင်သည့် မယ်တော်ကြိုင်ကြိုင်၏ အကြံအစည်ပင်ဖြစ်မည် ဆိုသည်ကို သံသယရှိစရာမလို။

ဗိုလ်ချုပ်မှူးကြီး၏ အိပ်ဆောင်တော်မှာ ကြီးကျယ်ခန်းနားလှသည်။ မိမိကိုယ်မိမိ ဘုရင်တပါးဟု ထင်မှတ်မှားကာ ရူးသွပ်နေသူ လူတယောက်အတွက် ဆောက်လုပ်ပေးထားရသည့် နန်းဆောင်တော်သည်လည်း မဟာရာဂျာများ၊ အာရတ်စော်ဘွားများ၊ ရှေးမြန်မာမင်းများ၏ ရွှေနန်းတော်ကြီးများကဲ့သို့ ရွှေရောင်စိန်ရောင် တပြောင်ပြောင်နှင့် ခန်းနားဝင်းလက် နေပေသည်။

အခန်းဆောင်အတွင်းတွင် ပဝါစ၊ ခန်းစည်းလွှာစများသည်လည်း မျက်နှာကျက် မြင့်မြင့်ကြီးပေါ်မှ အောက်သို့ တွဲလောင်းကျ လွင့်ဝဲနေကြသည်။ မီးသီးများ မီးဆိုင်းများဆိုလျှင်လည်း စိန်ဖူးစိန်ပွင့်များသဖွယ် အရောင်တဖိတ်ဖိတ်နှင့် ထွန်းလင်း တောက်ပနေကြပေသည်။

အိပ်ဆောင်ခန်းမကြီး၏ တဘက်တွင် ကြီးမားနူးညံ့သည့် သလွန်ညောင်စောင်း ကြီးသည် ခန့်ညားထည်ဝါစွာ တည်ရှိလို့နေသည်။

သလွန်တော်၏ ဘောင်အနားများကို ရှေးဘုရင်များလက်ထက် နန်းတွင်းရှိ သလွန်တော်များကဲ့သို့ စုလစ်မွန်းချွန်များဖြင့် တန်ဆာဆင် အလှချယ်ထား သော်လည်း ညောင်စောင်း ထက်မှ အိမ်စက်လဲလျောင်းရာ မွေ့ယာကြီးမှာတော့ အနောက်နိုင်ငံမှ တကူးတက မှာယူထားခြင်းဖြစ်ပြီး တန်ဖိုးဒေါ်လာ သန်းချီ ပေးရသော ရေမွေ့ယာကြီး တခုပင်ဖြစ်သည်။

သလွန်ခြေရင်းတွင် နံရံကြီးတချပ်စာမျှရှိသော ပလပ်စမာ ရုပ်မြင်သံကြား ဖန်သားပြင်ကြီး ဆိုလျှင်လည်း ဂြိုလ်တုစလောင်းနှင့် တိုက်ရိုက် ဆက်သွယ်ထား ပြီး ဗိုလ်ချုပ်မှူးကြီးကို တနေ့လျှင် နှစ်ဆယ့်လေးနာရီ ဖျော်ဖြေမှု နှင့် သတင်းစုံ လင် ပေးစေနိုင်သည်။

တကယ်တမ်းကျတော့ ဗိုလ်ချုပ်မှူးကြီးသည် ရုပ်မြင်သံကြားစက်ကို နိုင်ငံရေးရာ၊ တိုင်းရေးပြည်ရာများအတွက် အသုံးပြုခြင်းထက် "မန်ယူ" ကန်သည့်

ပွဲကောင်းများကို တိုက်ရိုက်ကြည့်ရှုနိုင်ရန် အလို့ငှာ တပ်ဆင်စေခြင်းဖြစ်ကြောင်း ကြားသိရသည်။

အခန်းကျယ်ကြီး၏ တဘက်ခြမ်းကိုတော့ ဗိုလ်ချုပ်မှူးကြီးအတွက် ရေချိုး သန့်စင်ရာ ရေဇလုံကြီးတခုနှင့် အလှဆင်ထားသည်။ ပင်ပန်းနွမ်းနယ်နေသည့် အခါတိုင်း... စိတ်လက်ရှုပ်ထွေးသည့် အခါတိုင်း... ပူလောင် အိုက်စပ်သည့် အခါတိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသည် ဤရေဇလုံကြီးထဲတွင် ကျွဲသိုးကြီး တကောင်ကဲ့သို့ စိမ်ပြေနပြေ စိမ်၍ အပမ်းဖြေတတ်၏။

နေပြည်တော်တဝိုက်မှ ရေကို ဝမ်းရောဂါပိုးပါသည်ဟု ဆို၍ သူချိုးရန်အတွက် "စလုံး" မှ ရေသန့်ကို လေယာဉ်နှင့်တိုက်ရိုက် မှာယူရသည်။ စလုံးမှ သောက်ရေသန့်၊ ကိုယ်စားလှယ်များကလည်း သန့်စင်ထားသော မိလ္လာရေ များကို နေပြည်တော်အရောက် ဘုန်းဘောလအော တင်ပို့ပေးကြသည်။

ဒီအကြောင်းတွေကို ဘာမှမသိသော ဗိုလ်ချုပ်မှူးကြီးက ရေစိမ်ပြီးတိုင်းလည်း သူ့ကိုယ်သူ သန့်စင်သွားပြီဟု မှတ်ယူလေ့ရှိလေ၏။ တကယ်တော့ ဆပ်ပြာတိုက်ပွတ် ရေချိုးပြီးတိုင်း သန့်စင်ကြည်လင်သော ခန္ဓာကိုယ် အသစ်အခုကို ပိုင်တိုင်ရသည် ဆိုခြင်းမှာ ယုံမှားဖွယ်မရှိ။ မှန်ကောင်း မှန်ပေလိမ့်မည်။

သို့သော် အနစ်နစ်အလလမှစ၍ ညစ်နွမ်း ပုတ်ပျောင်လာခဲ့သော သူ၏ စိတ်အညစ်အကြေးများကို ဆေးကြော ပျော်ဖွတ်ဖို့ရာ ဆိုလျှင်တော့ အဘယ် သို့သော ရေသန့်အမျိုးအစားက ကူညီ တတ်နိုင်စွမ်း လိမ့်တော့မည်နည်း။

... ... ...

ချေးပိုးထိုးကောင်သန်းရွှေက ကုတင်ပေါ်မှ ခုန်ဆင်းခါစ နေရာမှာပင် ရှစ်ဘက်ထောက် အနေအထားအတိုင်း ရှိနေသေးသည်။ သဏ္ဍာန်ရွှေက စားစရာတင်ထားသည့် လှည်းကလေးကို သလွန်ညောင်စောင်း တဘက်ခြမ်းသို့ ရောက်အောင် အတော်ဝေးဝေး တွန်းယူခဲ့ရသည်။

"အောင်မလေး… ဒင်း မြို့ဆို့ဖို့ ငါ့မှာ အဝေးကြီး တွန်းယူလာရတယ်… မောထာတော်"

သမီးတော်က စားစရာများကို အောက်သို့ချရန် သူ့နံဘေးတွင် နေရာယူလိုက်သည့် အခိုက်တွင် ဈေးပိုးထိုးကောင်ကြီး ဂဏာမငြိမ် လှုပ်လှုပ်ရွရွ ဖြစ်သွားရသည်။

ရှန်းရင်းဆန်ခတ်နှင့် ခြေထောက်တွေ ရက်ကန် ရက်ကန် ဖြစ်လာသည်။ အကြည့်ကို သမီးဖြစ်သူထံမှ ချက်ချင်း လွှဲပစ်လိုက်သည်။ ဈေးပိုးထိုးကောင်ကြီး ဘာဖြစ်သွားမှန်းမသိ။ နန်းဆောင်ထဲတွင်တော့ ခွေးအူသံလို အသံတွေ ညံသွားသည်။

လည်ဆွဲရတနာမှ စိန်ပွင့်ကြီးများ၏ တောက်ပမှု ရောင်ခြည်သည် ဈေးပိုးထိုးကောင်ကြီး၏ မျက်ကြည်လွှာမှတဆင့် နဂိုကတည်းက ရေတိမ်ရောဂါ အခံရှိသော ဗိုလ်ချုပ်မှူးကြီး၏ မျက်လုံးအိမ်ထဲသို့ ပြင်းထန်စူးရှစွာ ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်။

သည်စူးရှမှုကို သူမခံနိုင်။ သည်တောက်ပမှုကို သူရင်ဆိုင်၍မရ။ သည်အလင်းရောင်သည် သူ့အတွက် အမှောင်ကို ဖြစ်စေသည်။

သူ့အကြည့်ကို ချက်ချင်း လွှဲပစ်လိုက်သည့်တိုင် မျက်လုံးထဲတွင် ပြာဝေသွားမှုက တော်တော်နှင့် မသက်သာ။ သန္တာရွှေကလည်း ဘာဖြစ်မှန်းမသိ၊ ဘာလုပ်လို့ ဘာကိုင်ရမည်မသိ၊ စားစရာတွေကိုသာ ကြမ်းပြင်ပေါ် ချပြီး သူ၏ ခန္ဓာအိုးကြီးကို တုံတုံ တုံတုံနှင့် လှုပ်ခါရင်း ဖခမည်းတော်၏ အခန်းထဲမှ အသော့နှင်ကာ ပြေးထွက် သွားလေတော့သည်။

ဝ ဝ ဝ

# အခန်း (၇)

သေလောက်အောင် ဆာလောင်နေချိန်ဝယ် ရောက်ရှိလာသည့် စားသောက်ဖွယ်ရာ တွေကဖြင့် အစုံအလင်။ ဟင်းခွက် ၃၀၀ ပြည့်မှ ပွဲတော်တည်တတ်သည့် တရုတ်ပြေး မင်းကြီး နရသီဟပတေ့ကို အားကျခဲ့ဖူးသူပီပီ သူ့အတွက် ရောက်ရှိလာသော ဟင်းလျာများကလည်း ရေတွက်လို့ပင်မနိုင်။

တရုတ်ပြည်မှ ဝမ်ကျားပေါင် ပို့ပေးထားသော ကွပ်မျက်ခံ ဓားပြတယောက်၏ "အသည်းအမြစ် ချိုချဉ်ကြော်"...

ကိုရီယားမှ ကင်ဂျုံအီး ပို့ပေးထားသော အနုမြူထွက်ကုန် "ဆဲလ်တလုံး ကြက်ဥမွှေကြော်"...

အီရန်ဝန်ကြီးချုပ်၏ အထူးလက်ဆောင်တော် ဖြစ်သော "ကလေးမြေမကျသား ကျပ်တိုက်ကြော်"... တို့ကို လူ့ဘဝတုန်းက သူနှစ်နှစ်မက်မက် စားသုံးတတ်ခဲ့၏။

ထို့ထက်ပို၍ သူအထူးတလည် နှစ်ခြိုက်မိသော သွားရည်စာများလည်း ရှိသေးသည်။ ၄င်းတို့မှာ မကြာသေးမီနှစ်ကမှ နာဂစ်ရိက္ခာအဖြစ် ရောက်ရှိလာကြသော အနောက်တိုင်းထွက်ကုန် ခေါက်ဆွဲခြောက်များ၊ အမျိုးအစားစုံ ဘီစကစ်မုန့်များနှင့် ရောင်စုံ ချော့ကလက်များပင် ဖြစ်တော့သည်။

နှစ်သက်လွန်းလှသဖြင့် ဆာသည့်အခါတိုင်း တစွပ်စွပ် စားနေခဲ့သော်လည်း မုန့်တွေက ကုန်သည်မရှိ။ သန်းနှင့်ချီသော ဒုက္ခသည်များအတွက် ပို့ပေးခဲ့သော ရိက္ခာကို သူတို့မိသားစု အတွင်းတွင်သာ ခွဲဝေစားသောက်ကြသည်မို့ အများကြီး ကျန်ရှိနေသေးသည်။

တကယ်တမ်းပြောရလျှင် နိုင်ငံခြားမှ ကောင်းလှညွန့်လှသော မုန့်မျိုးစုံကို သူ၏သားသမီးများ ပိုင်ဆိုင်သော "ဂျေဒိုးနပ်" တို့ "စီးတီးမတ်" တို့မှတဆင့် အချိန်မရွေးမှာယူလျှင် ရနိုင်ပါသော်လည်း ပြည်သူအများ ဒုက္ခဆင်းရဲရောက်ပြီးမှ စားရသော အစာများဖြစ်ခြင်းကြောင့် ထိုရိက္ခာများသည် ဗိုလ်ချုပ်မှူးကြီးအတွက် ရသာထူးကဲလှသော နတ်သုဒ္ဓာများပင် ဖြစ်၍နေတော့သည်။

အခုလည်း သူကြိုက်နှစ်သက်လှသည့် စားသောက်ဖွယ်ရာတွေက သူ့အရှေ့မှာ အစုံအလင်။ ကျိမ်းစပ် ပြာဝေသွားသည့် မျက်လုံးနှစ်လုံးက ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လာချိန်ဝယ် ပြိတ္တာကောင်ကြီးသည် ပန်းကန်ထဲမှ ဟင်းတတုံးကို အငမ်းမရစွာ ကောက်ယူ ဝါးမြိုလိုက်လေ၏။

"ဟမ်... ထွမ်... ထွီ..."

အားရပါးရ ယူစားလိုက်မိသည့် အသားတုံးက သူ့အတွက် လွန်စွာမှ ခါးတူးလွန်းလှ၍ ချက်ချင်းပင် ထွေးထုပ်ပစ်လိုက်ရသည်။ စွဲထင်နေသေးသည့် ခါးသက်သက်အရသာက အာခံတွင်းထဲမှာတောင် တော်တော်နှင့် မပျောက်။

သည်တတုံးက အရသာမတွေ့တော့ နောက်တမျိုး ပြောင်း၍စားကြည့်သည်။ တိုက်ဆိုင်မှုပဲလား မပြောတတ်။ ဒုတိယအကြိမ် သူနှိုက်စားလိုက်သော ဟင်းတုံးကလည်း သူ့အတွက် အလွန်တရာမှပင် ငံလွန်းနေပြန်သည်။ ဒီတခေါက်လည်း ချက်ချင်းပင် ထွေးထုပ်ပစ်ရပြန်သည်။

ဒီလိုနှင့် ပေါ်များလှစွာသော ပွဲတော်များကို တခုပြီးတခု… တမျိုးပြီးတမျိုး နှိုက်ယူမြည်းစမ်း မိသည်။ သို့သော်လည်း သူ့အာခံတွင်းသို့ ရောက်ရှိလာသည့် ဟင်းလျာတိုင်းသည် ချဉ်လွန်း၊ စပ်လွန်း၊ ဖန်လွန်းသော အရသာကိုသာ ပေးစွမ်းတော့သဖြင့် ဆာလောင်နေပြီဖြစ်သော ဗိုလ်ချုပ်မှူးကြီးမှာ အခက်တွေ့၍ နေပေပြီ။

တကယ်တော့ တပ်ချုပ်ကြီး၏ ဇီဝတည်ဆောက်ပုံသည် သာမန်လူသား တယောက်ကဲသို့ မဟုတ်တော့ဘဲ အပုတ်အဟတ်ကိုမှ အာဟာရပြု စားသုံးတတ်သော ချေးပိုးထိုးကောင်၏ ဇီဝတည်ဆောက်ပုံအဖြစ် ပြောင်းလဲသွားခဲ့ပြီးပြီ မဟုတ်လား။ ထို့ကြောင့်လည်း သူတချိန်က နှစ်ခြိုက်တွယ်မက်ခဲ့သည့် အစားအသောက်များက သူ့အတွက် ခါးသက်နေခြင်း ဖြစ်တန်ရာ၏။

ဒီအချိန်မှာ 'ကျင်ငယ်' တခွက်ပဲဖြစ်ဖြစ်၊ 'မစင်'တပွဲပဲဖြစ်ဖြစ်၊ 'အန်ဖတ်' တဇလုံပဲဖြစ်ဖြစ် သူ့ရှေ့သို့ ရောက်ရှိလာခဲ့လျှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အားရပါးရ သောက်မိ… စားမိ… ဝမ်းခေါင်းထဲသို့ မြိုသွင်းမိမည်မှာ မလွဲမသွေ ဧကန်မုချပင် ဖြစ်ပေသည်။

အခုတော့ မနက်ကတည်းက ဟာလာဟင်းလင်း ဖြစ်နေသော သူ့အတွက် အာဟာရပြုစရာ အသီးအရွက် အရိုးအရွဲကလေးမျှပင် မရှိ။ ငါးပိရည်၊ ငါးပိပုပ်ကလေးမျှပင် မရှိ။ ထမင်းသိုး ဟင်းသိုးကလေးမျှပင် မရှိ။

သည့်လိုဆိုတော့ သန်းရွှေတကောင် ဝမ်းရေးအတွက် အခက်ကြုံရပြီ။ မနက်မိုးလင်းကတည်းက ပေါင်းလောင်းဖြစ်နေသည့် တထွာခန့်သာရှိသော သူ့ဝမ်းခေါင်းကလေးကို ဖြည့်တင်းဖို့ရာ မည်သို့သော အမိန့်အာဏာ လက်နက်ယမ်းအိုးကိုမှ အားကိုးလို့ မရခြင်းအတွက်လည်း သူ့ရင်မှာ တဆစ်ဆစ် နာနေမိတော့သည်။

… … …

ရုတ်တရက်ဆိုသလို သူ့ခေါင်းထဲ အတွေးရောက်လာသည်က…

"ရွှေနန်းတော်ကြီး၏ နောက်ဖေး မီးဖိုဆောင်"။

နန်းတော်မီးဖိုချောင်သည် အစားအစာ အကြွင်းအကျန်များကြောင့် သပ်ရပ် သန့်ရှင်းမှု မရှိကြောင်း ကြိုင်ကြိုင် တခါက ပြောတာ ကြားဖူးသည်။

သည့်မျှော်လင့်ချက်ကို အားပြုကာ နန်းဆောင်တခါးဆီသို့ တရွေ့ရွေ့နှင့် သူတွားသွားလာခဲ့သည်။ တံခါးကိုဖွင့်မကြည့်ခင်မှာ အပြင်မှ လူသံကို နားစွင့် ကြည့်ရသေးသည်။

ဤအချိန်တွင် နန်းတွင်းသူ နန်းတွင်းသားများအားလုံး သူ့နန်းဆောင် အသီးသီးတွင် ဖိမ်ခံ အနားယူ 'နပ်'နေကြလေသည်။ စားဖိုဆောင်ထဲမှ အစေခံ များကလည်း သူ့သခင်မများကို နှိပ်နယ်ပေးခြင်း၊ ရေပူရေခြမ်းကမ်းလှမ်းခြင်း၊ ဝတ်လဲတော်များ လျှော်ဖွတ်ပေးခြင်းဖြင့် အလုပ်ရှုပ်နေကြလေ၏။

အနှောင့်အယှက် အဟန့်အတား မရှိကြောင်း အတည်ပြုလိုက်နိုင်သည့် အချိန်ဝယ် ချေးပိုးထိုးကောင် သန်းရွှေသည် စေ့ထားသော နန်းဆောင်တံခါးကို နှုတ်သီးဖြင့် ကလော်ဖွင့်ကာ စားဖိုဆောင်ရာ နန်းတော်၏ နောက်ဖေးခြမ်းသို့ အိပဲ့အိပဲ့နှင့် ထွက်လာခဲ့လေသည်။

ကြိုင်ကြိုင် ပြောခဲ့ဖူး သကဲ့သို့ပင်။ စားဖိုဆောင်သည် နန်းတော်အရှေ့ခြမ်း ဧည့်ဆောင်တော်၊ အိပ်ဆောင်တော်များနှင့် နှိုင်းစာလျှင် အလွန်ပင် ဖရိုဖရဲ နိုင်လွန်းလှသည်။

ကြမ်းပြင်ပေါ်တွင် ကြက်သွန်ခွံများ အာလူးခွံများ ပျံ့ကျဲနေပြီး နံရံများတွင်လည်း အိုးမဲများ၊ ကြပ်ခိုးများ အထပ်ထပ်ဖြင့် မည်းတူးခြောက်ကပ်လျက် ရှိနေသည်။

မျက်နှာကျက်ပေါ်သို့ မော့ကြည့်မိမည် ဆိုလျှင်လည်း ဆီချေးများ အလိမ်းလိမ်းတက်ကာ အညိုညစ်ရောင်လိုလို အနက်ရောင်လိုလို အရောင်များက အကွင်းလိုက် အကွက်လိုက်နှင့် အလွန်တရာကိုမှပင် အကျည်းတန် အရုပ်ဆိုးလှပေသည်။

ပန်းကန်ဆေးရာ နေရာတွင်လည်း ရေပုတ်ရေညစ်များက ဟိုတအိုင် သည်တအိုင် အကွက်ထနေကြလေ၏။ ပိုးဟတ်များ၊ ခြင်များ၊ ယင်ကောင်များကလည်း စားဖိုဆောင် တဆောင်လုံးမှာ တဝဲဝဲ တဝီဝီ ပျံသန်းနေကြသည်။ သူရောက်စကတည်းက ရှစ်ရှစ်ဖြစ်နေကြသော ကြွက်များကလည်း အခန်းထဲတွင် ဟိုပြေးသည်ပြေး ရောက်ယက်ခတ်နေကြ၏။

ဒီလိုနှင့်သွားရင်း ကြွက်များ ယင်ကောင်များ အုံခဲနေရာ နေရာတခုကို ဖြတ်ကန်ဆို အကြည့်ရောက် သွားမိခိုက်ဝယ် သူ၏ မျက်လုံးအစုံမှာလည်း ဝင်းကနဲ လက်ကနဲဖြင့် အရောင်မျိုးစုံ လူးလွန့်တောက်ပ သွားလေတော့သည်။

… … …

ကြွက်များနှင့် ယင်ကောင်များ အုံခဲနေသော အမှိုက်ပုံးရှိရာသို့ သူခြေလှမ်းများကို ဦးတည်လိုက်သည်။ သူရွေ့သွားသည့် လမ်းတလျှောက် ကြမ်းပြင်ကလည်း စိုစိစိုစိ။ အမှိုက်တွေကလည်း နေရာအနှံ့ ချော်ချိချော်ချိ။

အမှိုက်ပုံး၏ အရွယ်အစားက လူကြီးတယောက်နှင့် ယှဉ်ကြည့်လျှင် ခါးလည်လောက်ထိ ရှိမည်။ ပုံး၏နဘေး နံရံတလျှောက်တွင် ချွဲကျိကျိ အပုပ်ရည်များက တစိမ့်စိမ့် ယိုစီးကျနေကြသည်။ ယင်ကောင်တွေ အုံနေပုံကလည်း ပျားအုံကြီးတအုံနှင့်ပင် တူနေသေးတော့သည်။

ပုံးဘေးပတ်ပတ်လည်မှ ကြွက်သိုက်ကြီးကလည်း အောက်ကျနေသည့် အမှိုက်များကို အငမ်းမရ လုယက် စားသောက်နေကြ၏။ ကြွက်ငယ် တချို့ကလည်း ပုံးအထက်သို့ တွယ်တက်ရန် တကောင်၏ကြောပေါ် သို့ တကောင်ဆင့်ကာ ကြိုးစားနေကြ၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသည်မှာ သူငယ်ငယ်က ကြည့်ခဲ့ဖူးသည့် ကျောက်ဆည်မြို့ဘုရားဈေးမှ ချောတိုင်တက်ပွဲကိုပင် ပြန်၍ သတိရမိစေတော့သည်။

သူတချက် ဟိန်းဟောက်လိုက်သည်ဝယ် ကြွက်တွေ အစုလိုက် အပြုံလိုက် ထွက်ပြေးကြလေ၏။ တချို့ကလည်း ထွက်မပြေးဘဲ သူ့ကို ကြောင်ပြီး ကြည့်နေကြသည်။ တချို့သော ကြွက်များကလည်း သူ့ကို မခန့်လေးစားသော အမူအရာဖြင့် သူတို့ဖာသာသူတို့ အစားအသောက် မပျက် ရှိနေကြလေသည်။

"ဟေ့ကောင်တွေ... ဒါငါ့နန်းတော်... ငါ့မီးဖိုချောင်... **ငါ့အစာကွ**"

ဇော်... ခက်ဖြင့်နေချေပြီ။ တိုင်းပြည်ဥသျှောင် တပ်မတော် ခေါင်းဆောင်ဟု ဆိုအပ်သော တပ်ချုပ်ကြီး အဘသန်းရွှေသည် စားစရာမရှိ၍ မီးဖိုချောင်မှ ကြွက်စုတ်များနှင့် စားခွက်လုရသည့် အဖြစ်သို့ ရောက်ရှိနေလေပြီ။

ရုပ်ရှင်ထဲမှ ကင်းကောင်ကြီးက မြို့ထဲမှ အိမ်များ၊ ကားများ၊ လူများကို ကျော်ခွနင်းဘိသကဲ့သို့... ချေးပိုးထိုးကောင် သန်းရွှေသည်လည်း ကြွက်အုပ်ကြီးကို ခွကျော်နင်းကာ သူ၏အစာရှိသည့် အမှိုက်ပုံးအနီးသို့ တိုးကပ်၍လာလေသည်။

အစာများကိုထိတွေ့ခွင့်ရဖို့ ပုံးကို လှဲချမှ ဖြစ်မည်ဟု တွေးမိသည်ခဏတွင် သူ့ရှေ့မှာ မားမားမတ်မတ် ရပ်နေသော အမှိုက်ပုံးကို ခေါင်းနှင့် အသာလေး တိုးကြည့်လိုက်သည်။ ဘယ်နှစ်ရက်တောင် သိုလှောင်ထားသော အပုပ်အရွဲတွေမှန်းမသိ။ ပုံးကြီးက တုပ်တုပ်မျှပင် မလှုပ်။

ဒီတော့ သူ့ပုခုံးနှင့် ဆောင့်တိုက်ကြည့်သည်။ ပုံးကြီးက အနည်းငယ်သာ ယိမ်းထိုးသွားပြီး နောက်ဆုံးတော့ နေရာမှာပင် ပြန်၍ ငြိမ်ကျသွားပြန်သည်။ သည့်နောက်တွင်တော့ ပင်နတီသွင်းမည့် ဘောလုံးသမားကဲ့သို့ နောက်ကို နှစ်လှမ်း သုံးလှမ်းဆုပ်ကာ အားကုန်သုံးပြီး အရှိန်နှင့် ဝင်တိုက်ချ လိုက်လေသည်။

ဒီတခါတော့ အမှိုက်ပုံးက တုံးကနဲ လဲကျသွားပြီး ပုံးထဲမှ ပုပ်ရိ ယိုရွဲနေသော အစာဟောင်းများက ပုံးနှုတ်ခမ်းဝမှတဆင့် ကြမ်းပြင်ထက်သို့ တလဟော ထွက်ကျလို့လာသည်။

အခုတော့ ဗိုလ်ချုပ်မှူးကြီးတကောင်မှာ အစာစားခွင့်ရပေပြီ။

တမနက်လုံး ငတ်နေခဲ့ခြင်း ဖြစ်သည့်အတွက်လည်း အတိုးချ၍ 'မြို'လေ.. 'သွတ်'လေတော့သည်။ သူစားသည့် အစာတွေထဲမှာ အာလူးပုပ်တွေလည်း ပါသည်။ မုန်လာဥ မှိုတက်တွေလည်း ပါသည်။ ပုပ်သိုးနံဟောင်နေသည့် အသားစိမ်းငါးစိမ်း နလုံးကလီစာများလည်း ပါသည်။ ချဉ်တူးရှိရွဲနေသည့် သရက်သီးခွံများ မရမ်းသီးအစေ့များလည်း ပါသည်။

ဗြိတိသျှ ဘုရင်မကြီးနှင့် အကြိုက်ချင်းတူသော ကြိုင်ကြိုင်စားနေကျ "သရဖူ တံဆိပ်" စွန်ပလွန်သီးအစေ့များပင် ပါနေသေးတော့သည်။

ဘယ်နှစ်ရက်ကြာမျှ ပုပ်လှောင်ထားသည့် အစာဖြစ်ပါစေ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကတော့ဖြင့် သူ့ရှေ့တွင် ရှိနေသော အစာအားလုံးကို အငမ်းမရ အားရပါးရ မြိန်ရေယှက်ရည် ပွဲတော်တည်ခင်း နေချေပြီ။

တခါတခါတွင်တော့ စားခွက်လာလုချင်သော မြေကြွက်ကြီးများကို မာန်မဲ လွှတ်ရသေး၏။ သည့်ထက် ပိုတိုးလာသော ကြွက်များကိုတော့ ဗိုလ်ချုပ်မှူးကြီးက အလွတ်မပေးဘဲ နှုတ်သီးဖြင့် ကိုက်လွှတ်သည်။ အနားမှာ အုံဝဲနေသော ယင်စိမ်းကောင်ကြီးများကိုတော့ သူလည်း ဘာမှမတတ်နိုင်၍ အခဲမကျေစွာဖြင့်ပင် လွှတ်ထားလိုက်ရ လေတော့၏။

ဒီလိုနှင့် ထမင်းတအိုးကျက်ခန့် ကြာသော အချိန်ဝယ် အမှိုက်ပုံးထဲမှ အစာဟောင်း အစာသိုးများကို တစိတဖတ်မျှမကျန် အားလုံးကုန်အောင် စား၍ ပြီးသွားချေပြီတည်း။

"ဟားးးး စားလို့ကောင်းလိုက်တာ... ရှလွတ်"

သည့်နောက်တော့ ဘယ်သူမှ မရိပ်မိခင် မီးဖိုခန်းထဲမှ ပြန်လစ်ရမည်ဟူသော အသိဖြင့် သူ၏ အိပင်လေးတွဲနေသော ခန္ဓာအိမ်ကြီးကို ဆွဲကာ အိပ်ဆောင်တော်ရှိရာဆီသို့ တရွေ့ရွေ့နှင့် ပြန်လာခဲ့လေ တော့သတည်း။

ဝ ဝ ဝ

# အခန်း (၈)

ဒီအတိုင်းဆိုလျှင် တကြိမ်မဟုတ် တကြိမ်။ တဦးမဟုတ်တဦးက ရိပ်မိသွားကောင်း ရိပ်မိသွားပေတော့မည်။

သည်တော့ ဒီရောဂါကို အမြစ်ပြတ်အောင် ကုဖို့ ကြိုင်ကြိုင် ကြံစည်ရပေပြီ။ ဘယ်သူတွေက နှုတ်လုံသလဲ။ ဘယ်သူတွေက ယုံကြည် အားကိုးရသလဲ။ ဘယ်သူတွေကတော့ မျက်နှာလွှဲ စိတ်ချရသလဲ။ သူစဉ်းစားကြည့်ရပြီ။

တေဇနဲ့ တိုင်ပင်ပြီး သူ့ရဲ့ 'air bagan' စင်းလုံးငှားလို့ 'စလုံး' အထိ တိတ်တိတ်ခေါ်သွားရင် ကောင်းမလား။ နိုင်ငံတကာ ဖိအားပေးမှုတွေက များနေလေတော့ 'စလုံး'ကရော လက်သင့်ခံပါ့မလား။

ဥရောပဆိုရင်ကော။ အဲဒီမှာ ပိုပြီး အစွမ်းထက်တဲ့ ဆေးကောင်းဝါးကောင်းတွေ ဆရာကောင်း သမားကောင်းတွေ ရှိမှာပဲ။ ကျန်းမာရေးအာမခံ မရှိဘူးဆိုပေမယ့် ယူရိုငွေတွေ သန်းချီပုံပေးရင် ဆေးရုံတရုံလုံးတောင် သီးသန့်ငှားလို့ ရနိုင်လောက်ရဲ့။

ဒါပေမယ့် သူလိုအာဏာရှင်တယောက်လဲဖြစ်၊ အခုလိုလည်း လောက်ကောင်ချေးကြိုက် ဖြစ်နေတဲ့သူကို ဥရောပက ပြည်ဝင်ခွင့် ပေးပါ့မလား။

**အို…** အနောက်နိုင်ငံတွေက ဝေးပါတယ်။ နီးနီးနားနားက မောင်ကြီး ပေါက်ဖော်တွေဆီမှာပဲ "ဝေါ်အိုက်နီ" ဆိုပြီး တိုးတိုးတိတ်တိတ် မေးစမ်းကြည့်ရမှာပဲ။

**အင်း…** ဒါလည်း မဖြစ်သေးပြန်ပေဘူး။ တော်တော်ကြာ သူတို့က ငါ့လင်ချေး ပိုးထိုးကောင်ကို ကင်းမြီးကောက်နဲ့ မှားပြီး ဆွတ်ပြုတ် လုပ်သောက်နေမှဖြင့် အခက်တွေ့ကြ လိမ့်ဦးမယ်။

**အဲ…** ဒီရောဂါက ဆေးကုလို့ရော ပျောက်ပါဦးမလား။ ဒါဟာ ရှာသူကိုင်တာရော မဖြစ်နိုင်ဘူးလား။ ငါတို့ မိသားစုကို မလိုသူတွေကလည်း အများသားလေ။ စုန်းတွေ ကဝေတွေ ပြုစားထားတာရော မဖြစ်နိုင်ဘူးလား။ ဘာပဲဖြစ်ဖြစ် နားလည်တဲ့ သူနဲ့တော့ ပြကြည့်ရမှာပဲ။

လောလောဆယ်ဆယ်မှာတော့ ဘယ်သူမှ မရိပ်မိအောင် သန်းရွှေနဲ့ ရုပ်ချင်းဆင်တူသူတွေကို ရုပ်ဖျက်ခိုင်းပြီး လူရှေ့မှာ ထုပ်ပြရမယ်။ ဓာတ်ပုံအဟောင်း၊ ဗွီဒီယိုအဟောင်းတွေကို ဖြတ်ညှပ်ကပ် လုပ်ပြီး ရုပ်မြင်သံကြား သတင်းတွေထဲ အထည့်ခိုင်းရမယ်။ အမိန့်ထုတ်စရာ၊ လက်မှတ်ထိုးစရာ ရှိရင်တော့ ငါပဲ လုပ်တာပေ့ါ။

သူ့အတွက် စားရေးသောက်ရေး ကျတော့ကော။ နေ့လည်တုန်းကတော့ မီးဖိုဆောင်ထဲဝင်ပြီး ရှိသမျှ အမှိုက်တွေ အကုန်လုံး ကုန်အောင် 'တွယ်' သွားတယ်။ နောက်နေ့တွေကျရင်တော့ အိမ်မှာ စားကျွင်းစားကျန် အဲဒီလောက် ထွက်လာမှာ မဟုတ်တော့ဘူး။

ဒီတော့ စစ်တပ်တွေမှာရှိတဲ့ မီးဖိုချောင်တွေအားလုံးကို သတင်းပို့ရမယ်။ ပြီးတော့ ကုန်သည်တွေဆီမှာ ရှိတဲ့ သစ်သီးမှိုတက်တွေ၊ ဟင်းရွက်ပုပ်တွေကို အလှူခံရမယ်။ မြို့တော်စည်ပင်က မိလ္လာဌာနနဲ့ တိတ်တိတ် ဆက်သွယ်ရမယ်။

… … …

ဒီလိုနှင့် ကုန်သည်တွေကြား ရုပ်ရုပ်သဲသဲ ဖြစ်သွားတော့သည်။

"နေပြည်တော် နန်းတွင်းဆီမှ အသီးပုပ်များ အလှူခံသတဲ့"

ဒီအကွက်ကို ရွှေနန်းတော်ကြီးကို အမှီသဟဲပြု၍ အကျိုးဖြစ်ထွန်းနေသော ကုန်သည်များက လက်လွှတ်မခံ။ သူတို့မှာ ရှိသမျှကို ကုန်ကားကြီးတွေ တစီးပြီး တစီးနှင့် ပို့ပေးကြသည်။

တချို့က အသီးပုပ်များကို ပို့ရမှာ အားနာသဖြင့် အသီးကောင်းတွေ ပို့ကြသဖြင့် အမျက်တော်ရှပြီး အပောက်ခံလိုက်ရ သေးသည်။ ပြီးတော့လည်း ယူလာပေးသည့် အသီးကောင်းများကို ပြန်လည် သိမ်းယူသွားရသဖြင့် ကုန်သည်များမှာ ဘာကိုမှ နားမလည်နိုင် ဖြစ်ရလေတော့သည်။

ပို့ပေးလာသည့် အသီးပုပ်များအားလုံးထဲတွင် သရက်သီးပုပ်၊ ပိန္နဲသီးပုပ်၊ ငှက်ပျောသီးပုပ်နှင့် မာလကာသီးပုပ်များမှာ ဗိုလ်ချုပ်မှူးကြီး၏ ဖေးဗရိတ် ဖြစ်လို့ လာခဲ့သည်။ သည်လိုဆိုတော့ ကုန်သည်များမှတဆင့် ယင်း **"သီးလေးသီး"** မှာ နိုင်ငံအနှံ့ ဟိုးလေးတကျော် ဖြစ်သွားလေတော့သည်။

နောက်ဆုံးတော့ ရွှေနန်းတော်ကြီးကပဲ "သီးလေးသီး" ကို နှစ်ခြိုက်ကြသယောင် အသံဗလံတွေ ထွက်လာသည်။ ရွှေနန်းတော်က သီးလေးသီး ကြိုက်သည်ကြားတော့ တချို့ကလည်း ဘုမသိ ဘမသိနှင့် လုပ်ငန်းအောင်မြင်ရေး အလို့ငှာ တံစိုးလက်ဆောင်အဖြစ် "သီးလေးသီး အငြိမ့်ခွေ" များ ဝယ်ပို့ပေးကြသည်။

ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အမေရိကားတလျောက် ပွဲစဉ်များကို မလွတ်တမ်း ပို့ပေးကြရာ အကြိမ်းအမောင်း အပဟိန်းအဟောက် ခံကြရပြန်လေသည်။

မည်သို့ပင်ဆိုစေ ချေးပိုးထိုးကောင် ဗိုလ်ချုပ်မှူးကြီးအတွက်တော့ အသီးပုပ်များ၊ အရွက်ပုပ်များ၊ မိလ္လာပုပ်များဖြင့် ဗိုက်ကို ခွေးနမ်းရလောက်အောင် ပြည့်ပြည့်စုံစုံ စိုစိုပြေပြေ ဖူလုံ၍သာ ရှိနေလေတော့သတည်း။

ဝ ဝ ဝ

# အခန်း (၉)

ဒီလိုနှင့် ရက်သတ္တပတ်တွေ ကုန်လွန်ခဲ့သည်။ စက်တင်ဘာ ၁၈ ရက် မတိုင်မီ တက္ကသိုလ်များကို ပိတ်ပစ်လိုက် သည့်အတွက် ရန်ကုန်မှာ ကျောင်းသွားတက် နေသည့် မြေးဖြစ်သူ 'နေရွှေသွေးအောင်' ခေါ် 'ဖိုးလပြည့်'က နေပြည်တော်သို့ ပြန်ရောက်လာလေသည်။

ပြီးခဲ့သည့် ရက်များကမှ သူသောက်ချင်သည့် ငါးထောင်တန်ကော်ဖီ မပေးနိုင်၍ ကော်ဖီဆိုင်ကို ရစရာမရှိအောင် အဖျက်ဆီးခိုင်းခဲ့ပြီးပြီ။ ဒီသတင်းကလည်း ပြည်ပရှိ မီဒီယာများသို့ပင် ပေါက်ကြား သွားသည့်အတွက် သူ့မှာ "လက်သံပြောင်သူ" အဖြစ် နာမည်တွေကြီးနေသည့် ကာလဖြစ်၏။

ညစ်ညစ်နှင့် ပြန်လာခဲ့သော ဖိုးလပြည့်မှာ ကောင်မလေးတယောက်လဲ အတူ ပါလာခဲ့သည်။ အိမ်သားတွေကလည်း အဖိုးဖြစ်သူ၏ ဘဝတပါး ပြောင်းလဲသွားခြင်း အကြောင်းကို ပြောမပြထား။ သူကိုယ်တိုင်ကလည်း အဖိုးဖြစ်သူ သာကြောင်းမာကြောင်းကို စိတ်ဝင်စားမှု မရှိခြင်းကြောင့် မမေးမြန်းမိ။

ထူးခြားတာတခုတော့ သူသတိထားမိသည်။ ဖိုးလပြည့်က သူ့ဆီကို လာလည်သည့် သောက်ဖော်သောက်ဖက် ရှုဖော်ရှုဖက် သူငယ်ချင်း အပေါင်းအသင်းများကို ဧည့်ဆောင်တော်တွင် ဧည့်ခံခွင့် မရတော့ခြင်းပင်။

"သူငယ်ချင်းတွေလာရင် ဥယျာဉ်တော်ထဲမှာပဲ ဧည့်ခံရမယ်" ဟု အဖွားဖြစ်သူက တရားသေ အမိန့်ချထားသဖြင့် သူလည်း စောဒက မတက်ရဲ။ ဘာကြောင့် ဧည့်ဆောင်တော်ကို ဝင်ခွင့်မရသလဲတော့ သူလည်း မပြောတတ်။

နန်းတော်ထဲသို့ ဝင်လာစဉ်က ချဉ်သိုးသိုး ပုပ်အဲ့အဲ့ ရနံ့တမျိုးကိုတော့ ဖိုးလပြည့်တယောက် ရောက်ကာစနေ့ ကတည်းက သတိထားမိနေခဲ့သည်။ သို့ပေမင့် သူနားစက်ရာ အိပ်ဆောင်တော်တွင်တော့ သည်အနံ့မျိုးမရသဖြင့် "ငါ့ပိုင်နက်ရဲ့ ပြင်ပကကိစ္စ ငါစိတ်မဝင်စား ပါဘူးလေ" ဟု ဆိုကာ သူနှင့်မဆိုင်သလိုသာ နေမိခဲ့သည်။

… … …

ပိုလ်ချုပ်မှူးကြီး၏ အိပ်ဆောင်တော်ကတော့ဖြင့် ယခင်ရက်များနှင့် မတူတော့ဘဲ အမှိုက်သရိုက်များ၊ စားကြွင်းစားကျန်များ၊ ဟင်းပုပ်ဟင်းသိုးများနှင့် ရှုပ်ပွ၍ နေပေပြီ။

ကုန်သည်များ ဆက်သထားသည့် အသီးပုပ်များကိုလည်း သည်အခန်းထဲမှာပင် သိုလှောင်ထားသည်။ စည်ပင်သာယာမှ တင်ပို့လာသော မိလ္လာတိုင်ကီများကိုလည်း ဤအခန်းမှာပင် လက်ခံထားရှိသည်။

ဆာလောင်သည့်အခါတိုင်း အပူအပင် အကြောင့်အကျမရှိ စားနိုင်သောက်နိုင် အောင် ရည်ရွယ်သည် ဟူသော မယ်တော်ကြိုင်ကြိုင်၏ အစီအမံပင်ဖြစ်သည်။ မီးဖိုချောင်ထဲမှ အမွှက်ပုံကလည်း ကြိုင်ကြိုင်၏ တချက်လွှတ် အမိန့်ဖြင့်ပင် ဤအခန်းထဲသို့ ထရန်စဖာ ထိသွားသည်။

အကြွင်းအကျန်မှန်သမျှ ဒီအခန်းထဲမှာပင် လာပစ် လာပုံကြသည်။ ဗိုလ်ချုပ် မှူးကြီး သန်းရွှေအဖို့ ဆာလောင်လာသော အချိန်တိုင်း၌ လိုလေသေး မရှိစေရ။ အစာ အာဟာရမျိုးစုံက လက်ညှိုးညွှန်ရာ ပြည့်နှက်လို့ နေပေတော့သည်။

စားသောက်စရာတွေဖြင့် မည်သို့ပင် ပြည်စုံသည်ဟုဆိုဆို ဤကဲ့သို့ တဦးထဲ နေနေရသည့်အတွက် တပ်ချုပ်ကြီးသည် တစနင့်တစ အထီးကျန်၍ လာပေပြီ။ မိန်းမကလည်း အတွေ့မခံ၊ သမီးများကလည်း စကားမပြော၊ အားလုံးက သူ့ကို ရွံစရာ၊ စက်ဆုပ်စရာသဖွယ် သဘောထားနေကြသည်။

"ဩော်... ငါဟာ ငါ့နန်းတော်ထဲမှာငါ အကျဉ်းကျ ခံနေရပါလား"

သူ့မှာ ရောက်တတ်ရာရာ စကားပြောရမည့် အဖော်မရှိ။ စိတ်တင်းကျပ်မှုများကို တိုင်ပင်ရင်ဖွင့်စရာ အပေါင်းအသင်းမရှိ။ နာကျင်မှုဝေဒနာကို နှစ်သိမ့်ပေးမည့် အမျိုးအဆွေမရှိ။ အဆိုးဆုံးက မြေးလေး "မျောက်မူးလဲ" ပြန်ရောက်နေသည်ကို သိရက်နှင့် တွေ့ခွင့်မရခြင်းပင်။

တွေ့ချင်သည်။ သူ မြေးချစ်ကလေးကို တွေ့ချင်သည်။ မြေးမျက်နှာကို ကြည့်၍ သူ့အမောတွေကို ဖြေဖျောက်ချင်သည်။ သို့သော် သည်မြေးကို သူမှာ တွေ့ခွင့်မသာ။ သည်မြေးကလည်း သူ့ကို အဖက်လုပ်၍ လာမတွေ့။

နောက်ဆုံးမှာတော့ ဖိုးလပြည့်ရှိရာသို့ သူကိုယ်တိုင် လိုက်သွားရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

… … …

ဗိုလ်ချုပ်မှူးကြီးသည် မြေးငယ် နေရွှေသွေးအောင်၏ အခန်းဝသို့ ရောက်လျှင် ရောက်ချင်း တံခါးကို တွန်းမဖွင့်သေးဘဲ အသက်ကို ပြင်းပြင်းတချက် ရှူထုပ်လိုက်၏။ သူ၏စိတ်တွေက တခါဖူးနှင့်မှ မတူအောင် အထူးပင် လှုပ်ရှား ရိုက်ခတ်လို့ နေသည်။ သူ့ကိုမြင်လျှင်ဖြင့် သူ့မြေးက ဘယ်သို့ဘယ်ပုံ တုံ့ပြန် မည်လည်း သူဝေခွဲ၍မရ။

"အို... ဘာပဲဖြစ်ဖြစ် သူ့အဖိုးဒီလို ဝေဒနာခံစားနေရတာကို သိရင် စာနာသနား လာမှာပါ။ ဒီကလေးက ငါ့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့တာပဲ မဟုတ်လား။ သူလိုချင်သမျှလည်း ငါမဖြစ်ဖြစ်တဲ့ နည်းနဲ့ မရရအောင် တောင်းပေး၊ ယူပေး၊ ဓားပြတိုက်ပေးခဲ့တာ ချည်းပဲလေ။ ဒီလိုဆိုတော့ ငါ့အပေါ်မှာ ညှာတာတန် ကောင်းပါရဲ့..."

အဲသလို မျှော်လင့်ချက်ရောင်ခြည်တွေကပဲ ချေးပိုးထိုးကောင်ကြီး သန်းရွှေကို အခန်းထဲသို့ ဝင်ရန် တွန်းအားအဖြစ် ကူညီပေးခဲ့သည်။ စေ့ထားသော တံခါးကို တွန်းဖွင့်လိုက်ချိန်မှာ ဟိုသည်ဝဲယာကို မျက်စိ ဝေ့ကြည့်လိုက်သည်။ လူရိပ်လူခြေ မတွေ့ရသောအခါ အခန်း၏ အတွင်းပိုင်းအထိ ဆက်တိုး၍ ဝင်လာခဲ့လေတော့၏။

တကယ်တော့ ခုတင်ပေါ်မှာ ရှိနေသူက သူထင်ထားသလို ဖိုးလပြည့် တယောက်ထဲ မဟုတ်ချေ။ သူအနားရောက်သွား တာကိုလည်း အိပ်မောကျ နေသူ နှစ်ယောက်က မရိပ်မိကြ။ ဒီလိုဆိုတော့ သန်းရွှေမှာ သာ၍ပင် အတင့်ရဲလာ လေတော့သည်။ အိပ်ပျော်နေသော မြေးဖြစ်သူကို နမ်းရှုံ့ ကျီစယ်ရန် ကြိုးစားရင်း ခုတင်ပေါ်သို့ တွယ်၍တက်သည်။

ဗိုက်ပေါ်သို့ ဗိုလ်ချုပ်မှူးကြီး၏ လက်တဘက် ရောက်ရှိသွားချိန်မှာတော့ ဖိုးလပြည့် အိပ်ယာမှ နိုးလာသည်။ မျက်လုံးနှစ်ဘက်ကို ပွတ်သပ်ပြီး ဘေးဘီသို့ ကြည့်လိုက်မိသည်ဝယ် ခုတင်ဘေးမှာ သူ့အပေါ်သို့ တွယ်တက်ရန် ကြိုးစားနေသည့် ရောမ ပိုးကောင်ကြီးကို သွားတွေ့လိုက်ရသည်။

"ဟား... ဘာကောင်ကြီးလဲ။ ထွက်သွား... ရှူး... ရှူး... ထွက်သွား..."

ပြောပြောဆိုဆို နေရွှေသွေးအောင်က ခုတင်ပေါ်တွင် မတ်တပ်ရပ်ကာ

ထရုံးလိုက်သောကြောင့် နံဘေးမှာ အိပ်နေသော ကောင်မလေးကပါ နိုး၍လာသည်။

တဒင်္ဂ နိုးထလာသော ကောင်မလေးက ကုတင်ဘေးမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဗိုလ်ချုပ်မှူးကြီးကို တွေ့လိုက်ရသော ခဏမှာပင် ပြန်လည်၍ သတိလစ် မေ့မျောသွား လေတော့သည်။

ဖိုးလပြည့်ကတော့ ပိုးကောင်ကြီးကို ထွက်သွားစေရန် လက်ဟန်ပြရင်း သူ၏ ခြေထောက်များကိုလည်း ဗိုလ်ချုပ်မှူးကြီးနှင့် မထိမိစေရန် ရှောင်နေတိမ်းနေ လေသည်။ ဒီမှာတင် သန်းရွှေ စိတ်ဓာတ် ဘုံးဘုံးကျတော့သည်။

သူမျှော်မှန်းခဲ့တာနှင့် အခုလက်ရှိ ရင်ဆိုင်နေရသည်က ပြဒါးတလမ်း သံတလမ်း။ တကယ်တော့ ဒီမြေးလေးကို နာကျင်စေချင်သည် စိတ် သူ့မှာ လုံးလုံးမရှိ။

သူ့ကို မြင်ပြီး ဖိုးလပြည့်တယောက် အခုလို သွေးပျက်သွားမည်ကိုလည်း သူနည်းနည်းလေးမှ ကြိုတွက်မထား။ ဒီတော့ မြေးစိတ်ချမ်းသာအောင် ထွက် သွားဖို့ရန် ပြင်ရင်း တလှမ်းချင်း နောက်သို့ ဆုပ်လာခဲ့လေသည်။

တချိန်ထဲမှာပင် ဖိုးလပြည့်က အခန်းထောင့်တွင် ထောင်ထားသော ဂေါက်သီး အိတ်ကို မျက်စိရောက်သွားကာ ကုတင်ပေါ်မှ ခုန်ဆင်းပြီး ထိုနေရာသို့ အပြေး သွားလေသည်။ သူ့တသက် တခါမှ မမြင်ဖူးသော ဧရာမ ပိုးကောင်ကြီးကို အခန်းတွင်းမှ မောင်းထုပ်ရန် အကောင်းဆုံးလက်နက်ကို သူရှာတွေ့သွားချေပြီ။

ထို့နောက်တွင်တော့ အဖိုးဖြစ်သူ မှိန္တာကောင်ကြီးကို ဂေါက်သီးများဖြင့် တလုံးပြီး တလုံး ပစ်ပေါက် လေတော့သည်။ သန်းရွှေကလည်း သူ့မြေးကို ရှင်းပြဖို့ရန် ကြိုးစားသည်။ ဖိုးလပြည့်ကတော့ ကြောက်စိတ်နှင့် ဒေါသစိတ်တို့ ပေါင်းစပ်ကာ သူ့ထံကို ဂေါက်သီးများနှင့်သာ သည်းကြီးမဲကြီး ပစ်ပေါက် နေလေတော့၏။

ကြောကုန်းကို ထိမိသည့် တကြိမ်မှာတော့ သိပ်အထိမနာလှ။ လိပ်ခွံလို မာကျောသည့် သူ၏ကြောပြင် ပြောင်ပြောင်ကြီးကို ဒီတခါတော့ သူကျေးဇူး အထူး တင်မိ၏။ တရစ်စပ် ရောက်ရှိလာသော ခဲလုံးများကို ရှောင်ရင်း တိမ်းရင်း

တကြိမ်မှာတော့ နှဖူးတည့်တည့်ကို လာမှန်သဖြင့် သူ့မှာ အတော်လေး အီစလန်ဝေ မူးမိုက်သွားခဲ့ရသည်။

ရှောင်ရင်းတိမ်းရင်းနှင့် တဖြည့်ဖြည်း နောက်ဆုပ်လာခဲ့သည်မှာ သူဝင်လာခဲ့သည့် တံခါးဝသို့ပင် ပြန်၍ ရောက်တော့မည်။ သူ့ချစ်မြေးလေး၏ မျက်နှာကို နောက်ဆုံးတချက် ကြည့်ပြီး အခန်းထဲမှ ထွက်သွားတော့မည်ဟု ဆုံးဖြတ်ရင်း ခေါင်းကို ဆတ်ကနဲ တချက် လှည့်လိုက်သည်ဝယ်...

“**အူး**:::::::::::::: အားရိုးရိုး::::::::::::”

အရှိန်နှင့် ပြေးဝင်လာသည့် ဂေါက်သီးတလုံးက သူ၏ ကျောကုန်းနှင့် ခေါင်းခွံအကြားမှ အပျော့ပြောင်းဆုံးနှင့် အနူးညံ့ဆုံး အရည်ပြားနနုထဲသို့ ဖောက်ကာ အသားထဲ တိုးဝင်သွားလေ၏။

နာကျင်လွန်းလှသည့် ဝေဒနာ ကလည်း သူ၏ အာရုံကြောများကို ဖြစ်သန်းကာ ဦးခေါင်းငယ်ထိပ်သို့ ကျင်ကနဲ တက်လာ၏။ ပခုံးကြားမှ ပျစ်ချွဲချွဲနှင့် အဖြူရောင် အနှစ်များကလည်း အပြင်သို့ တရစပ် ပန်းထွက်လာကြ၏။

သွေးရူးသွေးတမ်းနှင့် အော်ဟစ်ရင်း နောက်ဆုံးမှာတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အခန်းထဲမှ အလျှင်အမြန်ဆုံးနည်းနှင့် ပြေးထွက်သွားရ လေတော့သည်။

ဝ ဝ ဝ

# အခန်း (၁၈)

ခန္ဓာကိုယ်၏ နာကျင်မှုနှင့် နှလုံးသားမှ နာကျင်မှုတို့ ပေါင်းစပ်မိကြတော့ တိရိစ္ဆာန်ကောင်ကြီး သန်းရွှေ လောင်ကျွမ်းနေရလေပြီ။ သူ့ဘဝအတွက် ဤမျှလောက် ကြီးမားသည့် ဆုံးရှုံးမှုမျိုး တကြိမ်တခါမှ မရဖူးခဲ့။

ပထမဆုံး လူစင်စစ်မှ ပြိတ္တာဘဝသို့ အရှင်လတ်လတ် ဘဝကူးခဲ့ရသည်။ ပြုပြင်လို့လည်းလွယ်၊ ပြောင်းယူလို့လည်းမရ၊ ကုစားလို့လည်း မပျောက်။ သည့်နောက် ဝတ်မွတ်ခြင်း၏ ဒုက္ခကို သူကောင်းကောင်းကြီး သိခဲ့ရပြီ။ နောက်တခါ အဆွေတွေ အမျိုးတွေ၊ အပေါင်းအသင်း ရောင်းရင်းတွေ၊ သားတော်သမီးတော်တွေ... အားလုံးက သူ့အပါးမှာ မရှိကြတော့။

အခုအချိန်မှာ အာဏာတွေ၊ အချုပ်အခြာတွေ၊ နေရာယူလိုမှုတွေ ဒါတွေကလည်း သူ့အတွက် ဘာမှ အရေးမကြီးတော့။ အခုလည်း သူအချစ်ဆုံးလူသားက သူ့ကို ဤမျှ စူးနစ်အောင် နာကျင်စေခဲ့ပြီ။

ဒါတွေအားလုံးက အကြောင်းမဲ့ ဖြစ်ခဲ့ခြင်းလား။ သူစဉ်းစားရပြီ။

တကယ်တမ်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူ့ဘဝတလျှောက်လုံး ပြုပြင်လို့ မရနိုင်တော့သည့် အမှားများကို တရစပ် ကျူးလွန်မိခဲ့သည်။ မှားသည်ဆိုရာဝယ် အညတရ စာတိုက်စာရေးလေး ဘဝမှ စစ်တပ်ထဲသို့ ဝင်လာမိသည့် အချိန်ကတည်းက စ၍ မှားခဲ့ခြင်းဖြစ်ပေသည်။

လုပ်ပိုင်ခွင့်လေး ရလာတော့ သန်းရွှေက တိုင်းရင်းသား ညီအကိုအချင်းချင်းကို ညှင်းပမ်းနှိပ်စက်ခဲ့သည်။ အပစ်မဲ့ ရွာသူရွာသားများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်။ စိတ်ဓာတ် စစ်ဆင်ရေးဟုဆိုကာ အာဏာရှင်စနစ် အဓွန့်ရှည်ရေးကို တဘက်တလမ်းမှ စွမ်းစွမ်းတမံ ပံ့ပိုးပေးခဲ့သည်။

ပြည်သူများကို ကာကွယ်ရကောင်းမှန်း သူသဘောမပေါက်၊ မိန်းမများကို ညှာတာရကောင်းမှန်း သူမသိ၊ ကလေးသူငယ်များကို သနားရကောင်းမှန်း သူမစဉ်းစားမိခဲ့။

သူ့ကိုယ်ကြိုး တိုးတက်ရေးအတွက် ဖိသင့်သည့်သူကိုဖိ၊ ဖားသင့်သည့်သူကိုဖား၊ အနီးအနားတွင် ရှိသူများကိုလည်း အလဲထိုး အနိုင်ယူခဲ့သေးသည်။

အမှန်တော့ အာဏာသိမ်း စစ်အစိုးရအဖြစ် ရပ်တည်ခဲ့ရစဉ် ကာလကတည်းက ဗိုလ်စောမောင်နှင့် ဗိုလ်ခင်ညွန့်တို့ကို ဖြုတ်ချကာ ထိပ်ဆုံးနေရာသို့ တွန်းတက်ရန် အချိန်ရှိသရွေ့ ကြံစည်နေခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူ၏ ကိုယ်ကျိုးကို ထိပါးမည်ထင်လျှင် လက်ရှိ သူ့အားပံ့ပိုးပေးနေသော ဝန်ကြီးများ၊ စစ်ဗိုလ်ချုပ်များ အားလုံးကို ဖြုတ်ထုပ် သတ်ရန် ဝန်လေး မည့်သူမဟုတ်။

သူသည် ပြည်သူ ပြည်သားတွေ၏ ခွန်အား၊ တောင်သူ လယ်သမားတွေ၏ အသက်၊ သွေး၊ ချွေးများကို သူ၏ အကျိုးအမြတ်အတွက် ရက်ရက်စက်စက် အသုံးချခဲ့သည်။ တိုင်းပြည်၏ အခွန်ဘဏ္ဍာတွေက သူ့မိသားစု၏ အာသာ စိတ်ဖြေရာ ရတနာ စိန်ပွင့်များအဖြစ် ပြောင်းလဲခဲ့ရသည်။

အပြစ်မဲ့ ကျောင်းသားကျောင်းသူများ၊ အပြစ်မဲ့ နိုင်ငံရေးလှုပ်ရှားသူများ၊ အပြစ်မဲ့ ပြည်သူများကို မတရားသည့် နည်းအမျိုးဖြင့် သုတ်သင်ဖယ်ရှားခဲ့သည်။ ထောင်သွင်း အကျဉ်းချခဲ့သည်။ နှိပ်စက်ကလူ ပြုခဲ့သည်။

အဆိုးဆုံးက မြတ်ဗုဒ္ဓ၏ တပည့်သားများ ဖြစ်ကြသော ရှင်ရဟန်းများကို **"သတ်မိန့်"** ပေးခဲ့ခြင်းပင်။

အခုတော့ ဗိုလ်ချုပ်မှူးကြီးတွင် အကြွေးတွေ များနေလေပြီ။ သူသည် ယခုဘဝ တခုတည်းဖြင့်ပင် ဆပ်၍ မကုန်နိုင်သော ဝဋ်ကြွေးအနန္တကို ထပ်ကာထပ်ကာ ယူခဲ့မိပေပြီ။ ယူမိပြီးသော အကြွေးများကို သံသရာ ကုန်သည်အထိ အတိုးရော အရင်းပါ ပြန်လည် ပေးဆပ်ရပေတော့မည်။

အတွေးမဆုံးခင်မှာပင် အခန်းတံခါးကို အပြင်မှ သော့ခတ်လိုက်သည့် အသံကို သူကြားလိုက်ရ လေတော့သည်။

"ဂျလောက်…"

… … …

သူ့ကို တံခါးလည်း မဖွင့်ပေး၊ ဘယ်လူသားကမှလည်း လာမကြည့်သည်မှာ တပတ်ခန့်ပင် ရှိသွားပြီ ဖြစ်သည်။ **"ဗိုလ်ချုပ်သန်းရွှေ သေသွားပြီ"** ဆိုသည့် သတင်းတွေကလည်း နိုင်ငံလုံးအနှံ့ ပျံ့လွင့်လို့နေသည်။

ကြိုင်ကြိုင် ဖြတ်ညှပ်ကပ်ပြီး သတင်းစာထဲထည့်သည့် သူ၏ ဓာတ်ပုံကလည်း လူသာပါလာပြီး နံဘေးမှာ ရပ်နေသူများနှင့် ခြားနားစွာ လူအရိပ် မပါလာခြင်းကြောင့် သံသယဖြစ်ဖွယ်ရာ ဖြစ်လာခဲ့သည်။

ပြည်ပမှ လူအများကလည်း တကမ္ဘာလုံးရှိ မိတ်ဆွေများထံသို့ email များပေးပို့၍ တမျိုး၊ gtalk မှ ဆက်သွယ်၍တဆင့်... အာဏာရှင် "မင်းဆိုး မင်းညစ် သန်းရွှေ၏ ဇာပန" ကို အောင်ပွဲခံ အော်ဟစ် မြူးတူး နေကြပေပြီ။

မြန်မာနိုင်ငံသားများ၏ ဘလော့များမှလည်း သန်းရွှေအကြောင်း တစေ့တစောင်း ရေးကြ ပြောကြသည်မှာ ယခင်က နိုင်ငံရေးစိတ်မဝင်စားဟု ဆိုခဲ့သူတွေပင် ပါသေးတော့သည်။

တချို့ကလည်း ဗိုလ်ချုပ်မှူးကြီး သေတာမဟုတ်။ ခါတိုင်းလိုပဲ ယတြာချေခြင်းသာ ဖြစ်သည်ဟု ပြောကြပြန်သည်။ အမှန်တကယ် သေဆုံးသူမှာ တပ်ချုပ်ကြီး မဟုတ်၊ မယ်တော်ကြိုင်ကြိုင် ဖြစ်သည်ဟုလည်း အတည်မပြုနိုင်သည့် သတင်းရပ်ကွက်မှ တစွန်းတစ ထွက်လာပြန်သည်။

အမှန်တကယ်တော့ ပြည်သူများအတွင်းသို့ ယခုကဲ့သို့ ကောလဟာလ သတင်းများ ပျံ့နှံ့ခြင်းမှာ ထူးဆန်းသည့် ဖြစ်ရပ်တခု မဟုတ်တော့။ ဒီသတင်းတွေကို ယုံကြည်သူတွေ ရှိနေသလို မယုံရဲသူများကလည်း ဒုနဲ့ဒေး။

ထူးဆန်းနေသည်က အတိုက်အခံသတင်းစာအချို့နှင့် ဘလော့အချို့တွင် "**ဗိုလ်ချုပ်မှူးကြီး အရှင်လတ်လတ် ဘဝပြောင်းသွားခြင်း**" ဟူသော သတင်းမျိုး ပါလာခြင်းပင်။ ယင်းသတင်း မည်မျှခိုင်လုံသည်ကို မပြောနိုင်ကြသော်လည်း ဤသတင်းက "အဖြစ်မှန်" ပဲလေ။

တကယ်တမ်း ဒီအကြောင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မိသားစုဝင်များမှ လွဲ၍ အပြင်လူ တဦးတယောက်ကိုမှ အသိမပေးရသေး။ မည်သည့်ဆေးဆရာ၊ မည်သည့်ဝေဒဝိဇ္ဇာကိုမှ နန်းတော်သို့ မခေါ်ရသေး။

နောက်တရက် နှစ်ရက်နေတော့ "ဗိုလ်ချုပ်မှူးကြီးသည် အမှန်တကယ် ဘဝပြောင်းသွားခြင်း" ဖြစ်ကြောင်း၊ သူပြောင်းလဲသွားသော ဘဝတပါးမှာ "ချေးပိုးထိုးကောင်ဘဝ" ဖြစ်ကြောင်း တိကျ မှန်ကန်သည့် သတင်းတွေ

ထပ်ပါလာသည်။

အင်တာနက် စာမျက်နှာများပေါ်ရှိ သတင်းများတွင် ဓာတ်ပုံအချို့ပင် ပါလာသေးတော့သည်။ ဓာတ်ပုံ၏ အရည်အသွေး ညံ့ဖျင်းမှု့ကြောင့် ရုပ်ပုံကိုတော့ သဲသဲကွဲကွဲ မမြင်ကြရ။ ဒီဓာတ်ပုံ၏ ခိုင်လုံမှုကို ခန့်မှန်းရန်လည်း ခက်နေသေး၏။

သို့တစေ ဤသို့သော သတင်းများ ထွက်ပေါ်လာခြင်းကြောင့် မိသားစုဝင်များက ဇဝေဇဝါ ဖြစ်ကြရသည်ကတော့ အမှန်ပင်။ တကယ်တမ်း နန်းတော်မှ အစေအပါးများကို အပြင်သို့ ထွက်ခွင့်၊ ပြင်ပနှင့် ဆက်သွယ်ခွင့် ပိတ်ထားသည်မှာလည်း အတော်ကို ကြာပြီဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အကြောင်းက နိုင်ငံတကာ သတင်းဌာနများတွင်ပင် **"ကြားဖြတ်သတင်း"** Breaking News အဖြစ်ဖြင့် ပါလာသည်။ BBC ကလည်း ဒီအကြောင်းပဲ ပြောသည်။ CNN ဖွင့်ကြည့်ပြန်တော့လည်း မြန်မာအရေး ကျွမ်းကျင်သူများနှင့် အင်တာဗျူး များ၊ တိုက်ရိုက်မေးမြန်းမှုများကို တွေ့မြင်ကြရသည်။

DVB, VOA, RFA သတင်းဌာနများကလည်း သူ့နည်းသူဟန်နှင့် သတင်းမှန်ရရေးကို ကြိုးစားအားထုပ်လျှက် ရှိနေကြလေသည်။

US နှင့် JAPAN မှ သိပ္ပံ ပညာရှင်များက ဘုတ်အဖွဲ့တခု ထောင်ပြီး ဒီကိစ္စ မည်ကဲ့သို့ ဖြစ်နိုင် မဖြစ်နိုင်ကို သုတေသန ပြုကြည့်နေကြသည်။ ကမ္ဘာပေါ်ရှိ ချေးပိုးထိုးကောင် expert များနှင့် တိုင်ပင်ကာ ပိုးကောင် အမျိုးကွဲများ၏ DNA နှင့် ဗိုလ်ချုပ်မှူးကြီး၏ DNA တို့ကို တိုက်ဆိုင် စစ်ဆေးကြည့်ကြသည်။

ဒီသတင်း စရကတည်းက နိုင်ငံတကာမှ သတင်းထောက်များက မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ပေးရန် တောင်းဆိုကြတော့သည်။ ထိုင်း၊ အိန္ဒိယ၊ လာအို စသည့် အိမ်နီးချင်း နိုင်ငံများအထိ ရောက်ရှိလာကြပြီး သက်ဆိုင်ရာ မြန်မာသံရုံး အသီးသီးတွင် ဗီဇာစောင့်လျှက် ရှိကြသည်။

အိမ်နီးချင်းနိုင်ငံမှ အစိုးရ အသီးသီးကလည်း နေပြည်တော်သို့ တိုက်ရိုက် သတင်းလှမ်းမေး စနည်းနာ ကြည့်ကြသည်။ တရုတ်ကလည်း ချေးပိုးထိုး ကောင်ရှိလျှင် သူတို့ကို အပ်ရမည် ဖြစ်ကြောင်း တတွတ်တွတ် ပြောနေလေ

တော့သည်။

ဒီလိုဆိုတော့ မယ်တော်ကြိုင်ကြိုင်တယောက် ခေါင်းတွေခြောက်နေရပြီ။ ဘယ်သူ့ကိုမှ အတွေ့မခံ၊ ဘယ်တယ်လီဖုန်းကိုမှ လက်ခံစကားမပြော။ သူလုပ်နေကျ ထုံးစံအတိုင်း နန်းတော်ဂိတ်တံခါးကို သော့ခတ်ပြီး နေပြည်တော်တမြို့လုံးကိုလည်း အစောင့်အကျပ်တွေ တိုး၍ ချထားလိုက်လေတော့သည်။

o o o

# အခန်း (၁၁)

ကုတ်ပိုးမှ အနာက တနေ့တခြား ဆိုးသထက် ဆိုးရွားလို့လာနေသည်။ အရည်ပြားထဲ ဖောက်ပြီး ဝင်သွားသည့် ဂေါက်သီးလုံးက အဲဒီနေ့ကတည်းက ပြန်ထွက်မလာတော့။ အနာကလည်း ပြန်ကျက်မလာနိုင်သည့်အပြင် ရင်းသထက် ရင်းလာနေသည်။ နာကျင်မှုကလည်း တနေ့ထက်တနေ့ တိုးလို့သာ လာတော့သည်။

ယခင်က အမှိုက်ပုံးများနှင့် မစင်ပုပ်များမှာ အုံဝဲခဲ့ကြသော ယင်ကောင်၊ မှက်ကောင်များက သူ့ကုတ်ပိုးပေါ်သို့ ပြောင်းလဲ ကျက်စားလာကြသည်။ သူတို့ကလည်း နေရာအသစ်မှာ ပျော်ရွှင်ကြသည်ထင့်။

ကိုယ်ဝန်ဆောင်သူက ဆောင်ကြသည်။ ဥ ဥသူက ဥကြသည်။ သားမွေးသူက မွေးကြသည်။ ထိုသို့ဖြင့် ဗိုလ်ချုပ်မှူးကြီး၏ အနာပေါက်ဝမှာ လောက်ကောင်ငယ်များ၊ ယင်ကောင်ငယ်များ၊ မှက်ကောင်ငယ်များ အုံခဲ ပြွတ်သိပ်၍သာ နေလေတော့သည်။

သူ့အနာအတွက် ဆေးမရှိ၊ အနာကို ကြည့်ပေးမည့်သူမရှိ။ သူ့တွင် ဒီအနာကြီး ရှိနေသည်ကိုပင် မည်သူမှ မသိကြသေး။ ဒဏ်ရာ၏ နာကျင်မှု၊ စိတ်လက်ပင်ပန်းမှုတွေကြောင့် ချေးပိုးထိုး ကောင်ကြီး၏ ခန္ဓာကိုယ်သည်လည်း တနေ့ထက်တနေ့ ပိန်လှီခြောက်ကပ်၍ လာလေသည်။ ခါတိုင်းလို မစားနိုင် မသောက်နိုင်သည်မှာလည်း ဖိုးလပြည့်အခန်းမှ ပြန်လာသည့် နေ့ကတည်းက ဖြစ်သည်။

တကယ်တော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကိုယ်ပိုင်နေအိမ်... ကိုယ်ပိုင်နန်းတော် အတွင်းတွင် အကျဉ်းကျခံ... တိုက်ပိတ်ခံနေရခြင်း ဖြစ်ပေသည်။

ယခင်က ထွန်းလင်းတောက်ပခဲ့ကြသော မီးသီးမီးဆိုင်များကလည်း အလင်းရောင် မရှိကြတော့။ နံရံအပြည့် Plasma TV ကြီးကလည်း သူဘဝတပါးပြောင်းသွားခဲ့စဉ် ကတည်းက ပကတိ အနားရနေခဲ့သည်။

သူရေစိမ်ရာ ဇလုံကြီးသည်လည်း ယခုအခါတွင်တော့ သူ၏သောက်ရေထည့်ရာ၊ နှုတ်သီးဆေးရာ၊ ရေပုပ်များ သိုလှောင်ရာ ဇလားကြီး တခုအဖြစ်မျှသာ ကျန်ရှိနေတော့၏။

သုသာန်တစပြင်နှင့် တူသော နန်းဆောင်ပျက်ထဲရှိ ဗိုလ်ချုပ်မှူးကြီး၏ ဘဝသည် တဖြည်းဖြည်းနှင့် ယိုယွင်းပျက်သုဉ်း၍ လာချေပြီ။ တနေ့လုံးနေလို့မှ သူ့မှာ မစင်တခွက်ကို ကုန်အောင် မနည်းမြိုချနေရသည်။ ကုတ်ပေါ်မှ အနာက နာကျင်ကိုက်ခဲလာတိုင်း မျက်စိကိုမှိတ် အံကိုကြိတ်ကာ ဝေဒနာကိုသာ ခါးစီးခံနေရတော့၏။

အနာသက်သာစေရန် နည်းလမ်းများကို ဟိုဟိုသည်သည် တွေးရင်းတောရင်း တချက်တွင် သူ၏ခေါင်းထဲသို့ သတိတချက် ဝင်လာမိသည်။

"ဝိပဿနာ"

"ဝင်သက် ထွက်သက်"

"ဘုရား"

"တရား"

ပြီးတော့...

"သသသသသံသံသံသံသံ... သံဃာ"

သံဃာဟု ရွတ်ရန် သူ့မှာ အတော်ပင် အားယူလိုက်ရသည်။ ဒီစကားကို ရွတ်ဖို့ ဘယ်နည်းနှင့်မျှ မဝံ့ရဲ။ ဒီအသံကို သူမကြားနိုင်၊ ဒီအကြောင်းကို သူတွေး၍မရ။

"သံဃာ၊ သံဃာ၊ သံဃာ"...

သူ့မျက်ဝန်းထဲမှာ သူ့ထံသို့ သံဃာတော်များ ချီတက်၍ လာနေသည်။ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း အေးချမ်းစွာ လမ်းလျှောက်လာနေကြသည်။

မှုန်တချက် ဝါးတချက် ဖြစ်နေရာမှ မြင်ရသော ပုံရိပ်များက ပြတ်သားထင်ရှားလာသည်။ ကြည့်နေရင်းက ကွဲလာသော ရဟန်းရှင်တော်များက သူ့အနားသို့ နီးသထက် နီးလာနေသည်။

"မလာနဲ့... မလာကြနဲ့... သွား... ထွက်သွား... ထွက်သွားကြ"

သူပြောသမျှကို ရဟန်းတော်များက မကြား။ ဆက်၍ ဆက်၍သာ ချီလာနေကြသည်။ ဘေးဘီဝဲယာတွင်လည်း ပြည်သူအများက သောင်းသောင်းဖျဖျ ဝန်းရံ လိုက်ပါလာကြသည်ကို သူတွေ့သည်။

သူ... စစ်တပ်ကို ကမန်းကတမ်း အမိန့်ပေးလိုက်သည်။

"ပစ်စ်စ်စ်စစ်စ်စ်စ်စ်စ်... အကုန်ပစ်သတ်... တယောက်မှ မကျန်အောင်ပစ်"

ဒိုင်း..ဒိုင်း..ဒိုင်း... ဆိုပြီး သေနပ်သံတွေ ဆူညံ ပွက်လောရိုက်သွားသည်။ ပထမဆုံးပစ်လိုက်သော ကြည်ဆံက ရှေ့ဆုံးမှအလံကိုင်၍ ချီတက်လာသော ဦးဇင်းလေးကို ထိမှန်၍ လဲကျသွားသည်။ နောက်ထပ်ဆက်တိုက်ပင် အခြား သံဃာတော်များ အစုလိုက် အပြုံလိုက် ပြိုလဲကျကုန်သည်။ အနောက်နားဆီမှ လိုက်ပါလာသူတွေ ရုပ်ရုပ်သဲသဲ ဖြစ်သွားကြသည်။

အလံကိုင်ထားသော ဦးဇင်းက လဲကျသွားသော အလံကို ပြန်ထောင်၍ ဆက်လက်ချီတက်ရန် ထမည်အပြုတွင် နောက်ထပ် သေနပ်သံတသံ ပေါ်ထွက် လာပြီး သူ၏ဝိဥာဉ်ကို အပြီးအပိုင် ခြွေခွင်း နှုတ်ယူသွားလေတော့သည်။

နောက်ဆုံးသေနပ်သံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ချေးပိုးထိုး ကောင်ကြီး၏ ဝမ်းခေါင်းထဲမှ **"အား"** ဟူသော အော်သံကြီးက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

ကုတ်ပိုးမှအနာက သူကိုယ်တိုင် ကြည်ဆံအမှန်ခံရသည့် အလား စူးရှနာကျင် ကိုက်ခဲလာသောကြောင့် ထိုသို့ ကြုံးအော်လိုက်မိခြင်း ဖြစ်သည်။

... ... ...

အော်သံကြောင့် ကြိုင်ကြိုင်နှင့် သဏ္ဍာရှေ့တို့ ပြေးဝင်လာကြသည်။ အခန်းက အချဉ်နံ့ မစင်နံ့များအပြင်၊ ယင်တလောင်းလောင်း လောက်တလွဲလွဲနှင့် သူ၏အနာမှ အပုပ်နံ့များကြောင့် သားအမိနှစ်ယောက်မှာ နှာခေါင်းကို လက်ကိုင်ပုဝါနှင့် အုပ်ထားကြရသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သူ၏ဇနီးနှင့် သမီးကို တွေ့သောအခါ စကားတခွန်းမှ မပြောနိုင်၊ ဆွံ့အ၍သာ နေတော့သည်။ ကြိုင်ကြိုင်က အကြိမ်ကြိမ် ငေါက်ငမ်း မေးမြန်းသော အခါတွင်မှ သူ၏ ပါးစပ်မှ အထစ်ထစ် အငေါ့ငေါ့နှင့် စကားလုံးတလုံး ထွက်ကျလာသည်။

"ဂန်... ဂန်... ဂန်..."

"တဂန်ဂန်နဲ့ ဘာကိုပြောချင်တာတုန်းတော့... ဂျီ-ယူ-အန် "ဂန်း" သေနပ်ကို ပြောတာလား"

ဗိုလ်ချုပ်မှူးကြီးက ခေါင်းကို အသာခါပြီး သူ့စကားကို ဆက်ပြန်သည်။

"ဂန်... ဂန်... ဂန်"

"ဟဲ့... နင့်အဖေက 'ဂန်ဖလား' ကို ပြောတာနဲ့ တူတယ်... ရှင်က ဂန်ဖလားကို ဘာလုပ်ဖို့တုန်း၊ အလေးသွားချင်ရင်လဲ ဒီအတိုင်း ကျမ်းပြင်ပေါ်မှာ သွားလို့ ရနေတာပဲဟာကို"

စိတ်မရှည်တော့သည့် ကြိုင်ကြိုင်က ချေးပိုးထိုးကြီး၏ စကားကို အဓိပ္ပာယ် ဖွင့်ကြည့်ခြင်း ဖြစ်သည်။ တပ်ချုပ်ကြီးက လေးတွဲစွာ ခေါင်းကို ခါယမ်းလိုက် ပြန်သည်။

"ဂမ်... ဂမ်ဘ... ဂန်ဗ..."

"ဂမ်ဘာရီလို့ ပြောချင်တာနဲ့ တူတယ် မယ်မယ်ဘုရားရဲ့... အမလေး... သောက်လုပ် ရှုပ်လိုက်တာတော်... သောက်သုံးမကျတဲ့ ဒီမည်းမည်းကြီးကိုများ တနေရသေးသတဲ့"

နောက်ဆုံးတချီတွင်တော့ သူ့အသံက ပီပီသသ ထွက်၍လာသည်။

"ဂမ်... ဂမ်... **ဂ္ဗမ္ဘီရ**"

ဟုတ်သည်။ သူအရှင် ဂ္ဗမ္ဘီရကို တွေ့ချင်သည်။ အရှင် ဂ္ဗမ္ဘီရကို သူဖူးချင်သည်။ သူပြုခဲ့သမျှ အပြစ်တွေကို ဝန်ချတောင်းပန်ချင်သည်။

အတော်လေး ခံလိုက်ရပြီးချိန်မှာတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သူ၏အမှားများကို သိသင့်သလောက် သိနေပြီဖြစ်သည်။ နောက်ပြီး "သူ့မှာ အချိန် သိပ်မကျန်တော့" ဆိုတာကိုလည်း ခံစားမိနေလေပြီ။

အရှင်ဂ္ဗမ္ဘီရကို ဖူးပြီး သူ့အမှားတွေကို ခွင့်လွှတ်ဖို့ ပြောမည်။ သူငရဲကျသောအခါ လျှော့ရက်ကလေးများ ရမလားဟု အယူခံဝင်ကြည့်ချင်သည်။ နောက်ပြီးတော့ အရှင်ဂ္ဗမ္ဘီရနှင့် တွေ့ပြီးသောအခါ အရပ်သားအစိုးရကို အာဏာအပ်ရမည်။

သူနောက်လိုက် ဗိုလ်ပါ ဝန်ကြီးများ အားလုံးကိုလည်း အဖြစ်မှန်ပြောပြပြီး ၂၀၁၀ ရွေးကောက်ပွဲကို လက်လျှော့လိုက်ရန် အကြံပြုရမည်။ တကယ်တော့ ၁၉၉၀ ရွေးကောက်ပွဲ ရလာဒ်သည်သာ အမှန်ကန်ဆုံးနှင့် ဒီအဖြေသာ အတည်ဖြစ်သင့်သည်။

အားလုံးကိုလည်း သူ့အမှားမျိုး နောက်ထပ် မမှားကြရလေအောင် ပညာပေးရမည်။ မြန်မာပြည်သူတွေကိုလည်း သူဝန်ချတောင်းပန်ရဦးမည်။

"ဟုတ်တယ်... အရင်ဆုံး အရှင် ဂ္ဗမ္ဘီရနဲ့ တွေ့ရမှဖြစ်မယ်"

ဝ ဝ ဝ

# အခန်း (၁၂)

၂၀၀၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်။

အာကာသိမ်း နှစ်ပတ်လည်နေ့...

သူမျှော်မှန်းထားခဲ့သည့် နေ့ကြီး ရောက်ရှိလို့လာပေပြီ။

နန်းတော်ကြီးက ဟိုးအရင်တချိန်ကလို ပြန်လည်၍ စိုစိုပြေပြေ ရှိလို့နေသည်။ ဆွေမျိုးသင်္ဂဟများ၊ စစ်ဗိုလ်ချုပ် များနှင့် အရာရှိများ၊ ဝန်ကြီးများ၊ မိတ်ဆွေအပေါင်းအသင်း၊ ကျေးဇူးခံကျေးဇူးစားများ အစုံလင် ရောက်ရှိနေကြသည်။

ပါတီရှိသည်ဟု ဖိတ်ကြားထားသောကြောင့် နေပြည်တော် ဘိသိက်ခမ်းမ ဆောင်ထဲတွင် ဧည့်သည်စုံညီ ရောက်ရှိနေကြသောလည်း ဗိုလ်ချုပ်မှူးကြီး ကိုတော့ အရိပ်အယောင်မျှပင် မတွေ့ကြရသေးချေ။ ဟိုစစ ဒီစစမှ ပျံ့ကျဲ နေသော သတင်းများကြောင့်လည်း အားလုံးက တပ်ချုပ်ကြီး၏ အဖြစ်မှန်ကို စိတ်ဝင်စားနေမိကြသည်။

အပြင်ဘက် နန်းဥယျာဉ်ထဲမှာတော့ ဖိုးလပြည့်ခေါ် မျောက်မူးလဲက သူ့သူငယ် ချင်းများနှင့် Baseball ကစားလျှက် ရှိသည်။ နန်းတော်ထဲမှာ လူစုံနေတာတော့ သူသတိထားမိသည်။ ဘာအတွက် ဘာကြောင့်ရယ်တော့ သူသေချာမသိ။ သိလည်း မသိချင်။ စိတ်လည်း မဝင်စား။

နန်းတော်ခမ်းမဆောင်ထဲတွင်တော့ သီချင်းသံ တိုးတိုးက ပျံလွင့်လျှက်ရှိသည်။ ရောက်ရှိနေကြသော ဧည့်ပရိတ်သတ်များက ရှန်ပိန်ခွက်၊ ဘီယာခွက်၊ အရက် ခွက်များကို ကိုယ်စီကိုယ်ငှကိုင်ကာ အုပ်စုဖွဲ့၍ စကားလက်စုံ ကျနေကြသည်။

တချို့ကလည်း ဗိုလ်ချုပ်မှူးကြီး ဘဝပြောင်းသွားသည့် သတင်းကို အတည် ပြုချင်ကြ၍ အချင်းချင်း တိုးတိုးတိတ်တိတ် စုံစမ်း မေးမြန်းကြသည်။ သူတို့ ကိုယ်တိုင်လည်း ဖိတ်စာရ၍သာ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပြီး ဘာကြောင့် ဘာအတွက်ရယ်တော့ ဘယ်သူမှ တိတိကျကျ မပြောနိုင်ကြ။

အာဏာသိမ်း နှစ်ပတ်လည်နေ့ကြောင့်လည်း ဖြစ်နိုင်သည်။ အဘကြောင့်လည်း ဖြစ်နိုင်သည်။ ဒီကြားထဲ အဘကို မတွေ့ရ၍လည်း ပို၍ပင် ပဟေဠိဆန်နေ လေတော့သည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင်...



အရှင် ဂမ္ဘီရဦးဆောင်သော သံဃာတပ်မတော်ကြီးသည် နေပြည်တော်၏ နန်းတော်ရှိရာကို ကြွချီလာနေကြသည်။ ပြည်သူအများကလည်း လမ်းဘေး ဝဲယာမှ ဝိုင်းရံလိုက်ပါ၍ အင်အားဖြည့်တင်း လာကြသည်။ သံဃာတော်များ ကလည်း အရပ်ရှစ်မျက်နှာရှိ သတ္တဝါများကို မေတ္တာပို့သလျှက် ရှိကြသည်။

အရှေ့အရပ်၌ရှိသော
အနန္တစကြ၀ဠာ
အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ...
လောဘခပ်သိမ်း ငြိမ်းကြပါစေ...
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ...
မောဟခပ်သိမ်း ငြိမ်းကြပါစေ...
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ...

မေတ္တာပို့ ရွတ်ဖတ်သံက နန်းတော်နား နီးလာလေလေ ပို၍ ကျယ်လောင်လာလေလေ ဖြစ်သည်။ ပါတီပွဲလာ ဧည့်ပရိတ်သတ်များကလည်း ဇဝေဇဝါ ဖြစ်၍လာသည်။ ဗိုလ်ချုပ်ကြီးများက ခါးကြားထဲတွင် ဝှက်၍ယူလာသော သေနပ်များကို အသင့်ထုပ်ရန် ပြင်ဆင်ကြသည်။

ကြိုင်ကြိုင် သန္တာရွှေနှင့် ညီအမများက အားလုံးကို ငြိမ်သက်ဖို့ တောင်းပန်ရင်း အဖြစ်မှန်ကို ဖွင့်ပြောလိုက်သောအခါ အားလုံးက ဟာကနဲ ဟင်ကနဲ အံ့အားသင့်သွားကြသည်။ တခြား စစ်ဗိုလ်ချုပ်ကြီး များမှာလည်း တုန်လှုပ်ခြောက်ခြားသွားကြရသည်။

ဗိုလ်ကတော်များကလည်း "ငါမပြောလား" ဟူသော မျက်နှာပေးမျိုးနှင့် တဦးကိုတဦး မေးငေါ့ပြကြသေး၏။

ထိုအချိန်တွင်ပင် သံဃာ့တပ်မတော်ကြီးသည် နန်းတော်ကြီးနှင့် နီးသထက်နီးလာကြပြီ။ ဧည့်သည်များအားလုံးက နန်းတော်အပြင်ဘက်ထွက်ကာ ရဟန်းတော်များကို ကြိုဆိုဖို့ စောင့်ဆိုင်းနေကြသည်။ ဖိုးလပြည့်ကတော့ အပေါင်းအသင်းများနှင့် ကစားမပျက်။

မေတ္တာပို့သံတွေက ပို၍ ကျယ်လောင်လာကြပြီ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သူ့အခန်းထဲမှ တရွေ့ရွေ့ တွားသွား၍ ထွက်လာသည်။ ယင်ကောင်များကတော့ သူ၏ခန္ဓာကိုယ်ပေါ်မှာ ဝိုင်း၍ အုံခဲနေကြဆဲပင် ရှိသေးသည်။

သူ၏အနာက ကုပ်ပိုးရှိ အသားများကို လိုက်စားထားလေရာ သူ၏ဦးခေါင်းကိုပင် ပြင်းပြင်းလှုပ်၍ မရတော့။ နာကျင်မှုဝေဒနာကလည်း တနေ့မှမလျော့... တိုးလို့သာ လာနေသည်။ ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာတော့ သံဃာတော်များကို ဖူးမျှော်တောင်ပန်ချင်သည့် စိတ်သည်သာ သူ့ထံတွင် ကြီးစိုးနေလေတော့၏။

ဧည့်ခန်းဆောင်ကို ဖြတ်သန်းလာသည်ဝယ် မည်သူတဦးတယောက်ကိုမျှ မတွေ့ရဘဲ တိုးတိုဖွင့်ထားသော တေးသီချင်းသံကိုသာ ကြားနေရသည်။ သို့သော်လည်း ထိုသီချင်းသံက တဖြည်းဖြည်းနှင့် ပို၍ နီးသထက်နီးလာနေသော ရဟန်းတော်တို့၏ မေတ္တာပို့သံ ကိုတော့ တွန်းလှန်နိုင်စွမ်းမရှိတော့။

လူအများ စုဝေးနေရာ နန်းဥယျာဉ်တော်အတွင်းသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခြေအချဝယ်... အားလုံးက ပါးစပ်အဟောင်းသားနှင့် တုန်လှုပ်အံ့သြစွာ ငေးကြည့်နေမိကြသည်။ တချို့ကလည်း သူတို့နှာခေါင်းကိုသူတို့ လက်နှင့် အုပ်မိလိုက်ကြသည်။ ပြီးတော့မှ အားနာကြောက်ရွံ့စွာ လက်ကို ပြန်ဖယ်လိုက်ကြသည်။

သူ့အနားသို့တိုးလာဝံ့သူတော့ ဘယ်သူမှမရှိ။

ထိုအချိန်မှာတင် မည်သူ တဦးတယောက်ကမှ ကြိုတင်တွက်ဆ မထားမိသည့် အဖြစ်အပျက်တခုက စက္ကန့်ပိုင်း အတွင်မှာပင် ရုတ်တရက် ဆက်တိုက် ဖြစ်ပျက်သွားလေ တော့သည်။

လျှပ်တပျက် မြန်ဆန်လွန်းလှသည့် အဖြစ်မို့လည်း မည်သူတဦးတယောက်ကမှ ဟန့်တားချိန် မရလိုက်။ အားလုံးက အံ့အားသင့်စွာဖြင့်သာ ငေးမောကြည့်ရှုမှင်သက်နေမိ လေတော့သည်။

ဈေးပိုးထိုးကောင်ကြီးကို မြင်လျှင်မြင်ချင်း သူ့ကြောင့် ကောင်မလေး သူ့ကို အကပ်မခံတော့သည့် အကြောင်းကို သတိရသွားသော နေရွှေသွေးအောင်သည် သူတို့ကို နောက်တကြိမ် အရှက်ခွဲ အနှောင့်အယှက်ပေးရန် လာသည် အထင်နှင့် ဒေါသငယ်ထိပ်သို့ရောက်သွားကာ ဘေးမှသူငယ်ချင်း၏ လက်ထဲမှ Baseball တုတ်တံကို ဆွဲယူပြီး အဖိုးဖြစ်သူ ဗိုလ်ချုပ်မှူးကြီးဆီသို့ ပြေးလာသည်။

အခြေအနေကို မရိပ်စားမိသည့် ဈေးပိုးထိုးကောင်ကြီးက ရှေ့သို့သာ ဆက်၍ တိုးလာနေသည်။

တချိန်ထဲမှာပင် အရှင်ဂမ္ဘီရ ခေါင်းဆောင်သည့် သံဃာထုကြီးက နန်းတော် အဝင်ဝသို့ ရောက်ရှိလာလေပြီ။ သံဃာတော်အပေါင်းက မေတ္တာပို့သခြင်း အမှုကို ဆက်လက် ပြုလုပ်နေကြဆဲ။ အရှင် ဂမ္ဘီရက ဈေးပိုးထိုး ကောင်ကြီး ရှိရာသို့ ကြွချီလာ၏။

တပြိုင်နက်ထဲမှာပင် တုတ်ကိုဆွဲ၍ ပြေးလာသော ဖိုးလပြည့်က သူ့အဖိုးရှေ့သို့ရောက်လာ၏။ မျက်နှာက ဒေါသကြောင့် နီမြန်းသွေးဆူနေပြီး မျက်လုံးများကလည်း ပေါက်ထွက်တော့ လုမတတ် ပြူးကျယ်၍ နေသည်။ တကိုယ်လုံးကလည်း ရှက်စိတ်၊ ဒေါသစိတ်၊ ရွံရှာစိတ်များဖြင့် မွန်ထူ တုန်ခါ၍နေသည်။

သူ့အလွန်ရွံမုန်းသော အဖိုးဖြစ်သူ၏ လက်ရှိပုံသဏ္ဌာန်ကို မြင်သောအခါ အထွတ်အထိပ်သို့ ရောက်ရှိနေသော သူ၏ဒေါသကို Baseball တုတ်တံ၏ ထိပ်ဖျားဆီသို့ ပို့လွှတ်လိုက်ပြီး အဖိုးဖြစ်သူ၏ ခေါင်းကို အရှိန်ပြင်းစွာနှင့် လွှဲ၍ ရိုက်ချပစ်လိုက် လေတော့သည်။

နဂိုကတည်းက အနာရှိန်နှင့် ပျော့ရိနေသော သူ၏ လည်ပင်းအရည်ပြားသည် တချက်ထဲနှင့် ပြဲထွက်သွားပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးခေါင်းသည်လည်း ခန္ဓာကိုယ်မှ ပြုတ်ထွက်ကာ အဝေးတနေရာသို့ လွင့်စင်သွားလေတော့သည်။

ဤအချိန်မှာတင် ဘွားတော် ကြိုင်ကြိုင်က **"မလုပ်နဲ့"** ဟု အော်ဟစ်သတိပေးရင်း... ပြောပြောဆိုဆို နဘေးရှိ ရဲချုပ်ခင်ရီ၏ ခါးကြားမှ သေနပ်ကို ဆွဲထုပ်ကာ မြေးဖြစ်သူ နေရွှေသွေးအောင်၏ ရင်ညွှန့်တည့်တည့်သို့ ပစ်ချလိုက်မိ လေတော့သည်။

ဖိုးလပြည့် နေရာမှာတင် အရုပ်ကြိုးပြတ် ပြုတ်ကျသွားသည်ကို မြင်လျှင် "မှားသွားပြီ"ဟု ချက်ချင်း သိလိုက်မိသော မယ်တော်ကြိုင်ကြိုင်လည်း နေရာမှာပင် ရုတ်တရက် နလုံးသွေးရပ်တန့်ကာ ပြိုလဲကျသွားတော့သည်။

အဖြစ်အပျက်များက စက္ကန့်မခြား ဖြစ်ပျက်ခဲ့ခြင်းကြောင့် ပရိတ်သတ် အားလုံးက မှင်သက်မိစွာဖြင့်သာ ငေးမောနေမိကြဆဲ...

ပြုတ်ထွက်သွားသော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးခေါင်းမှာ သူ့ဆီသို့ တလှမ်းဆီတိုးလာသော အရှင်ဂ္ဂမ္ဘီရ၏ ခြေတော်ရင်းအောက်သို့ **"ဘုတ်"**ကနဲ မြည်အောင် ပြုတ်ကျလေတော့သည်။

အခြေအနေအရပ်ရပ်ကို ရိပ်စားမိသွားသော အရှင်ဂ္ဂမ္ဘီရလည်း သူ၏ရုံထားသော သင်္ကန်းကို ဆွဲကြုံ့ကာ ပြုတ်ကျလာသော တပ်ချုပ်ကြီးသန်းရွှေ၏ ရှေ့တွင် ငုပ်တုပ်ထိုင်ချလိုက်သည်။ ထို့နောက် သူ၏ အကြင်နာပြည့်ဝသော လက်

တဘက်ကို ဗိုလ်ချုပ်မှူးကြီး၏ ဦးခေါင်းပေါ်သို့ တင်ကာ မေတ္တာပို့ ဆုတောင်းပေးလေသည်။

အရှင်ဂုဏ္ဍိမ္ဗရ၏ ခြေတော်ရင်းအစုံကို မြင်လိုက်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နောက်ဆုံးမျှော်လင့်ချက်ဖြင့် သူ၏မျက်လုံးနှစ်လုံးကို အပေါ်သို့ ပင့်ကာ ရဟန်းတော်ကို ဖူးမျှော်ရန် ကြိုးစားသည့် အခိုက်အတန့်တွင်ပင် ကံကုန် အနိစ္စ ရောက်ရလေတော့သည်။

ထိုအချိန်မှာပင် အရှင်ဂုဏ္ဍိမ္ဗရသည် မေတ္တာတော် အနန္တ၊ ဂရုဏာတော် အနန္တ၊ စေတနာတော် အနန္တဖြင့် ချေးပိုးထိုးကောင်ကြီး၏ ပွင့်လျှက်ရှိနေသော မျက်လုံးအစုံကို လက်ချောင်းများနှင့် အောက်သို့သပ်ကာ ပိတ်စေလိုက်ပြီး **"ယသာနုဘာဝတော ယက္ခာ..."** အစရှိသော မေတ္တာသုတ်တော်ကို စတင်၍ ရွတ်ဖတ် ပူဇော်လေတော့သည်။


နောက်မှပါလာသော သံဃာတော်အားလုံးကလည်း ခေါင်းဆောင် ရှင်ရဟန်းနှင့် ထပ်တူ မေတ္တာသုတ်ကို ရွတ်ဆိုကြလေတော့သည်။

ဤတွင်...

ရောက်ရှိနေကြသော ဒေ့ဘ်ပရိတ်သတ်များ၊ ဗိုလ်ချုပ်ဗိုလ်မှူးများ၊ ပြည်သူပြည်သားများမှာလည်း မနေသာကြတော့ဘဲ နေရာမှာတင် ဒူတ်တုပ်ထိုင်ကာ သံဃာတော်များကို လက်အုပ်ချီမိုး ဦးသုံးကြိမ်ချ ဝတ်ပြုကြလေတော့ သတည်း။

*(နတ်လူ သာဓုခေါ်ပါ၏)*

**နတ်လူ ရှိသည်။**



ဆက်သွယ်ရန် eMail လိပ်စာ။ ။
koluuhtwe@gmail.com

ဘလော့လိပ်စာ။ ။
http://www.koluuhtwe.blogspot.com